မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၉ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှုမင်း

မအူပင်ခရိုင်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှုမင်းသည် ဧရာဝတီတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ပုသိမ်တပ်နယ် ဧရာဝတီခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လှုမင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပုသိမ်(ဘဲဂရက်)- အိမ်မဲလမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ပန်းတနော်-ညောင်တုန်း-ရန်ကုန်လမ်းပိုင်း

စာမျက်နှာ ၆ ကော်လံ ၁ ●



ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အော်တိုအိတ်ချိန်းရုံးနှင့် ဆက်သွယ်ရေးတာဝါတိုင်ကြီး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး

Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၄ *

ခေတ်နှင့်အမီ ပြောင်းလဲတိုးတက်လာသော ကယားပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍ

သတင်းနှင့်ဓာတ်ပုံ - သက်ထက်ကို (ဘော်ဂါမြေ)

ရန်ကုန် စက်တင်ဘာ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့ဈေးအနီးရှိ အများသုံး P.C.O ဖုန်းခန်းလေးက မြင်တွေ့ခဲ့ရဖူးသော အခြားဖုန်းရုံလေးများနှင့်မတူ ထူးခြား၍ နေသည်။ တယ်လီဖုန်းကို အပြင်ခန်း အော်ပရေတာစားပွဲတွင် ပြောဆိုနိုင်သလို မိမိပြောဆိုသောစကားကို သီးသန့်အခန်းလေးထဲမှာလည်း ဝင်ရောက်၍ လွတ်လပ်စွာ ပြောဆိုနိုင်သည်ကို မြင်တွေ့လိုက်ရသည်။ စီမံအုပ်ချုပ်သူတို့၏ စေတနာကောင်းတစ်ရပ်ပင်....။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်အော်တိုအိတ်ချိန်းရုံး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၉ ရက်)

လူတိုင်းကျန်းမာရေး အာဟာရပြည့်ဝစွာ စားသုံးပေး

လူတိုင်းကျန်းမာရေးအတွက် သန့်ရှင်းပြီး အာဟာရပြည့်ဝသော အစားအစာများ စားသုံးသင့်ပေသည်။

လူတိုင်းအာဟာရဖွံ့ဖြိုးရေးအတွက် ကလေးများအား အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများ၊ မူလတန်း ကျောင်းသားအရွယ်ကလေးများနှင့် ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်း လွှမ်းခြုံမှုမြင့်မားလာစေရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူး ပိုမိုနားလည်သဘောပေါက်စေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် နို့တိုက်မိခင်များ ဗီတာမင် ဘီ-ဝမ်းချို့တဲ့မှုကို သိရှိနားလည်ပြီး ဗီတာမင် ဘီ-ဝမ်းဆေးပြားများသောက်သုံးကြရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်မြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝစွာ စားသောက်တတ်သည့်ဓလေ့ ထွန်းကားလာရန်လိုအပ်ပေသည်။

အသက်အရွယ်အလိုက် အာဟာရပြည့်ဝစွာ စားသုံးရာတွင် အစားအစာတစ်မျိုးတည်းသာ စားသုံးနေ၍မရဘဲ မျှတစွာစားသုံးရန်လည်း လိုအပ်ပေသည်။ အင်အားဖြစ်စေသောအစားအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသော အစားအစာ၊ ရောဂါကာကွယ်စေသော အစားအစာတို့ကို မျှတစွာ စားသုံးကြရမည်ဖြစ်သည်။

ဆန်၊ ဂျုံ၊ ပြောင်း၊ ကောက်ညှင်းဆန်၊ ကန်စွန်းဥ၊အာလူး၊ ကြံသကာ၊ ထန်းလျက်၊ နှမ်း၊ ပဲဆီ၊ ထောပတ်၊ ပျားရည်၊ ပိန်းဥ၊ ခေါက်ဆွဲ စသည်တို့သည် ခန္ဓာကိုယ်ကိုအင်အားဖြစ်စေပြီး သွေးသားသစ်ဖြစ်ထွန်းရေးကို အကျိုးပြုသည်။ နွားနို့၊ အမဲသား၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ မြေပဲ၊ ပဲတို့သည် ခန္ဓာကိုယ်ကြီးထွားရေးကို အကျိုးပြုစေသည်။

ရောဂါကာကွယ်သော အစားအစာတွင် ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်၊ မြင်းခွာရွက်၊ ပဲသီး၊ ပဲပင်ပေါက်၊ မုန်လာဥနီ၊ ခရမ်းချဉ်သီး စသည့်အသီးအရွက်များပါဝင်သည်။ လတ်ဆတ်ပြီး စိမ်းလန်းသော ဟင်းသီးဟင်းရွက်များကို နည်းလမ်းတကျ ရေစင်စွာဆေးကြောပြီးမှသာ စားသုံးသင့်သည်။

လူတိုင်းသည် ကျန်းမာမှ စိတ်ချမ်းသာမှုကို ရရှိစေမည်ဖြစ်ရာ ယင်းသို့ ကျန်းမာရေးနှင့် ပြည့်စုံစေရေးအတွက် နေ့စဉ်စားသုံးနေကြသော အစားအစာများတွင် ကျန်းမာရေးကို အထောက်အကူပြုသည့် သန့်ရှင်းပြီး အာဟာရပြည့်ဝသော အစားအစာများကို အလေးပေးထည့်သွင်း စားသုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၉-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ** (အပိုင်း-၂)
- ၇:၁၀ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၄၁)
- ၁၁:၂၅ ၅။ ရုပ်သစုံလင်ရုပ်မြင်ဇာတ်လမ်း **အစုန်အဆန်စီးတဲ့ချစ်ခြင်းမေတ္တာ**
- ၁၂:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရုပ်သစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၇၁)
- ၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း-၂) ဇာတ်သိမ်းပိုင်း

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ **အမေ့ဆီကဘတ်ကြိုး** အကယ်ဒမီချိုပြုံး၊ တေဇ၊ နေလ၊ ရန်နိုင်၊ ရတနာကျော်ဦး၊ မေမီသက်ဝေ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရုပ်သစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၇)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရုပ်မြင်သံကြားဇာတ်လမ်း **အရဏ်ဦးမှာဖူးသည့်ကြာ** (အပိုင်း-၂)

အသုံးချကွန်ပျူတာသင်တန်းဆင်းပွဲ ဝန်ကြီးဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၈

အလုပ်သမားဝန်ကြီးဌာန၌ ဩဂုတ် ၂၃ရက်မှ စက်တင်ဘာ ၁၇ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည့် e-Government အသုံးချ ကွန်ပျူတာသင်တန်း (အရာထမ်း) အမှတ်စဉ် (၃/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အဆိုပါ သင်တန်းဆင်းပွဲတွင် ဝန်ကြီးဦးအောင်ကြည်က အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)**ထူးချွန်စွာ အောင်မြင်ခဲ့သော သင်တန်းသူများအား ဆုချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခဲ့သည်။ ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် e-Government သင်တန်းများကိုဖွင့်လှစ်ခဲ့ရာ ယခုနှစ်အတွင်းသုံးကြိမ်ရှိပြီဖြစ်သည်။

ယခု သင်တန်းတွင် Microsoft Office Application အပြင် e-Government &Security measures, EDMS & GPMS စနစ်အသုံးပြုခြင်း ဘာသာရပ်များကို သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

စက်တင်ဘာ ၅ရက်က ကျင်းပသော မြောက်ဥက္ကလာပ အမက(၄၃) ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင် ဂုဏ်ပြုပွဲတွင် တတိယတန်း၌ ပညာရည်ချွန် အထူးဆုရရှိသော မထက်ထက်ရတနာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပေါင်းမြက်များရှင်းလင်း

ထီးချိုင့်မြို့ သန့်ရှင်းသာယာလှပရေးအတွက် လမ်းလယ်ကျွန်းနှင့် ပလက်ဖောင်းများဘေး ပေါင်းမြက်များရှင်းလင်းခြင်းကို စက်တင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖိုလ်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

*ရှေ့ဖုံးမှ

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက Junction Centre (Maw Tin) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက Junction Cineplex ရုပ်ရှင်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် Junction Centre (Maw Tin) နှင့် Junction Cineplex တို့အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Junction Centre (Maw Tin) နှင့် Junction Cineplex ဖွင့်ပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း၊ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ဝန်ကြီး ဦးကျော်ဆန်း၊ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ Junction Centre (Maw Tin) နှင့် Junction Cineplex အတွင်း ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ **ညှော်မယ်ဗျို့**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၄၄)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ချစ်တတ်ပါ** လူမင်း၊ နန္ဒာလှိုင်၊ မေသန်းနု (ဒါရိုက်တာ- ညီညီထွန်းလွင်)
၁၄:၃၅ ၇။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ
၁၄:၅၀ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အရေးပြိုင်ပွဲ
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၀ ၄။ တေးဂီတအစီအစဉ်
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅:၀၀ ၈။ လူကူးမျဉ်းကျားမှကူးမယ်
၅:၁၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် Bugs' Adventures **(အပိုင်း-၂၉)**
၆:၃၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **ရွှေကတော့ပိုချစ်ကြတယ် (ဇာတ်သိမ်း)** ထွန်းထွန်းဝင်း၊ ရန်နိုင်၊ ချိုပြုံး၊ ခင်မျိုးအေးဗို (ဒါရိုက်တာ-မေတင် MMG)
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အရှက်ဦးမှာဖူးသည့်ကြာ** (ဒုတိယပိုင်း) ရုပ်ရှင်အနုပညာရှင်များ (ဒါရိုက်တာ- စာရေးဆရာတင်သန်းဦး)
၁၉။ အစီအစဉ်ပြီး၏။

မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီသည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တံတားသံပေါင်များ တပ်ဆင်ပြီးစီးမှု၊ ကုန်းတွင်းပိုင်း Bore Pile နှင့် ရေလယ် Bore Pile တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ပစ္စည်းရောက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်အား၊ လူအားအပြည့်အဝ အသုံးချပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ Techanically စေ့စပ်သေချာစွာ ဆောင်ရွက်သွားရန်နှင့် ဂရုပြုဆောင်ရွက်ရမည့် အချက်များကို မှာကြားကာ မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရည်မှန်းချက်ထား

ယခုတည်ဆောက်နေသည့် မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတံတားကို ချဉ်းကပ်လမ်းအပါအဝင် တံတားအရှည် ၈၀၄ ပေရှိပြီး မြစ်ရေမျက်နှာပြင်အထက် ၃၃ ပေ အကွာထား၍ အပိုင်းသုံးပိုင်းခွဲကာ ၂၀၁၁ ခုနှစ် ဇွန်လကုန် ပြီးစီးရေး ရည်မှန်းချက်ထား တည်ဆောက်နေကြောင်း သိရှိရသည်။

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် ၀၀၁သို့ ရောက်ရှိရာ တာဝန်ရှိသူများက CNG အရောင်းဆိုင်အတွင်း Compressor များဖြင့် သဘာဝဓာတ်ငွေ့ ဖိအားမြှင့်တင်ပေးနေမှုနှင့် ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ဖိအား ပြည့်မီအောင် ဂရုစိုက်ဖြည့်သွင်းပေးရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ဝန်ထမ်းများ အရည်အသွေးတိုးတက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်ပေးရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် သဘာဝဓာတ်ငွေ့လာရောက်ဝယ်ယူ ဖြည့်တင်းကြသည့် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းခွင်စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

အောက်ပိုင်းဒေသများ ထစ်ချုန်းနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၉ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နိုင် ငံ တ ကာ သ တင်း များ

ဆိုမာလီမြို့တော်၌ တိုက်ပွဲဖြစ်ပွား ၁၂ဦးသေဆုံးပြီး ၄၇ဦးဒဏ်ရာရ

မိုဂါဒစ်ရှူး စက်တင်ဘာ ၁၈

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးတွင် အာဖရိကသမဂ္ဂ (အေယူ) တပ်ဖွဲ့ဝင်များနှင့် အယ်ရှာဘတ် လက်နက်ကိုင်များအကြား စက်တင်ဘာ ၁၆ရက်က တိုက်ပွဲဖြစ်ပွားရာ အနည်းဆုံး ၁၂ဦး သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)**

ပစ်ခတ်တိုက်ခိုက်

အယ်ရှာဘတ် လက်နက်ကိုင်များက ဆိုမာလီပါလီမန် အဆောက်အအုံကို စက်တင်ဘာ ၁၆ရက်က စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမတ်တစ်ဦးနှင့် အစိုးရတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိခဲ့ပြီးနောက်ပိုင်း အာဖရိကသမဂ္ဂ (အေယူ) ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းထောက်က ကြေညာသည်။ ယင်းသို့အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၂ဦး သေဆုံးပြီး ၄၇ဦးဒဏ်ရာရရှိသွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆစ်ဒနီမြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

ဆစ်ဒနီ စက်တင်ဘာ ၁၈

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်း၌ ဓာတ်ငွေ့ယိုစိမ့်မှုတစ်ရပ် စက်တင်ဘာ ၁၇ ရက်က ဖြစ်ပွားရာ အနီးဝန်းကျင်၌ နေထိုင်သူ လူ ၁၀၀ကျော်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ပိတ်ဆို့

ဖြစ်ပွားမှုမှာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ဒါလင်တန်အရပ်ရှိ အဘာခရွမ်ဘီလမ်းနှင့် ရက်လန်လမ်းထောင့်တွင်ရှိသော ဓာတ်ငွေ့သိုလှောင်ကန်မှ ဓာတ်ငွေ့များ ယိုစိမ့်ထွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားချိန်တွင် လမ်းနှစ်လမ်းစလုံးပိတ်ဆို့ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အမြန်ဆုံးပြုပြင်

ဖြစ်ပွားစဉ်တွင် ဓာတ်ငွေ့ကုမ္ပဏီမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး ဓာတ်ငွေ့ယိုစိမ့်မှုများကို အမြန်ဆုံးပြုပြင် လုပ်ဆောင်ပေးခဲ့ပြီး ပိတ်ဆို့ထားသော လမ်းများကို ပြန်ဖွင့်ပေးခဲ့သည်။

ဒဏ်ရာရရှိမှုမရှိ

တစ်ဖန်ဆစ်ဒနီမြို့ မီးသတ်တပ်ဖွဲ့ဝင်များလည်း ရောက်ရှိလာပြီး လိုအပ်သောဖြည့်ဆည်းမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ခဲ့မှုကြောင့် တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ဖော်ပြထားသည်။ **(ဆင်ဟွာ)**

ပိတ်မိချီလီမိုင်းလုပ်သားများအား ကယ်တင်နိုင်ရေးလမ်းကြောင်း တူးဖောက်နိုင်ပြီ

ဆန်တီယာဂို စက်တင်ဘာ ၁၈

ချီလီနိုင်ငံ ဆန်တီယာဂို၌ ကြေးနီသတ္တုမိုင်းတွင်း တစ်တွင်းတွင် တစ်လခွဲကြာ ပိတ်မိနေသော မိုင်းလုပ်သား ၃၃ဦးအား ကယ်တင်ရေးအတွက် တွင်းတူးစက်ကြီး သုံးခုဖြင့် တူးဖောက်ခဲ့ရာ တစ်ခုသော တွင်းတူးစက်မှာ စက်တင်ဘာ ၁၇ရက်က သတ္တုမိုင်းလုပ်သားများ ကယ်တင်ရေးလမ်းကြောင်းနေရာကို တူးဖောက်နိုင်ခဲ့ပြီဖြစ်ကြောင်း တူးဖော်ရေး အင်ဂျင်နီယာများက ပြောကြားသည်။

ကယ်တင်သွားမည်

အချင်း ၁၂လက်မရှိ တွင်းတူးစက်သည် မြေမျက်နှာပြင်မှ ပေ ၂၀၇၀ (၆၃၃ မီတာ) အနက်သို့ ထိုးဖောက်တူးနိုင်ခဲ့ကြောင်း၊ ယင်းမှာ ကယ်တင်လွတ်မြောက်ရေး လမ်းကြောင်းကို တူးဖောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တစ်ဆင့်အဖြစ် အချင်း ၂၈ လက်မရှိ တွင်းတူးစက်ဖြင့် တူးဖောက်ပြီး ပိတ်မိမိုင်းလုပ်သားများအား ကယ်တင်သွား မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆူဒန်၌ ကားချင်းတိုက်မှု ၃၇ဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရ

ခါတွမ် စက်တင်ဘာ ၁၈

ဆူဒန်နိုင်ငံ ခါတွမ်မြို့တော်တောင်ဘက် ဝှိုက်နိုင်းပြည်နယ်၌ အဝေးပြေးလမ်းမကြီးပေါ်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် မီနီဘတ်စ်ကားတစ်စီးတို့ တိုက်မိပြီးနောက် ၃၇ဦးသေဆုံးကာ ၂၆ဦးဒဏ်ရာရရှိသွားကြောင်း ဆူဒန်ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၇ရက်၌ ကြေညာသည်။

ခါတွမ်မြို့တော်နှင့် ဝှိုက်နိုင်းပြည်နယ်အကြား အဝေးပြေးလမ်းမကြီးပေါ်တွင် ဝှိုက်နိုင်းပြည်နယ်မှလာသော ခရီးသည်တင် ဘတ်စ်ကားက အခြားယာဉ်တစ်စီးကို ကျော်တက်ရာမှ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော မီနီဘတ်စ်ကားနှင့် ဝင်တိုက်မိခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပီရူးနိုင်ငံ လူယာပြည်နယ်အတွင်း ရှေးဟောင်းအဆောက်အအုံများတွေ့ရှိ

လီမာ စက်တင်ဘာ ၁၈

ပီရူးနိုင်ငံ လူယာပြည်နယ်တွင်း ရှေးခေတ်လူသားများ နေထိုင်ခဲ့ကြသည့် နယ်မြေတစ်ခုကို ဒေသခံဓာတ်ပုံသမားတစ်ဦးက စက်တင်ဘာ ၁၆ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ပီရူးမီဒီယာများက ဖော်ပြသည်။ ***(အပေါ်ပုံ)***

လူယာပြည်နယ် အက်တမ်ပူစီရိုတောင်ကုန်းပေါ်တွင် ၎င်းနေရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းနေရာတွင် စက်ဝိုင်းပုံတည်ဆောက်ထားသော နေအိမ်များနှင့် မြင့်မားသည့် အုတ်တံတိုင်းများကို တွေ့ရှိရသည်။ စက်ဝိုင်းပုံတည်ဆောက်ထားသည့် အိမ်များမှာ ၁၅၀ခန့် ရှိကြောင်း သိရသည်။

တည်ဆောက်

၎င်းရှေးဟောင်းအဆောက်အအုံများ ရှိသည့် နယ်မြေသည် အပ်ကူဘမ်ဘာမြစ်၏ အနောက်ဘက်အခြမ်းတွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ နှစ်ဟက်တာကျော်ရှိသည်။ တွေ့ရှိရသည့် နေအိမ်အဆောက်အအုံလက်ရာများမှာ ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် စက်ဝိုင်းပုံသဏ္ဌာန် ဒီဇိုင်းများဖြစ်သည်။

တွေ့ရှိ

နေအိမ်တိုင်းတွင် ဂလိုင်ပေါက်ကဲ့သို့ ပြုလုပ်ထားသော ပြတင်းပေါက်များ၊ အရေးပေါ်ထွက်ပေါက်များနှင့် ကျောက်တန်းများပါရှိသည်။ ထို့ပြင် လှေကားထစ်များပါရှိသည့် ပွဲကြည့်စင်ကဲ့သို့ နေရာများ၊ အရှည်ပေ ၁၅၀နှင့် အမြင့်ကိုးပေခန့်ရှိသော တံတိုင်းများကို တွေ့ရှိရသည်။ နေအိမ်အဆောက်အအုံအားလုံးသည် ဒီဇိုင်းပုံစံတူများဖြစ်သည်ဟု ပီရူးမီဒီယာများက ဖော်ပြထားသည်။ ***(အင်တာနက်)***

ကားလ်ဟာရီကိန်းမုန်တိုင်း မက္ကဆီကိုသို့ ဝင်ရောက်မွှေနှောက်

ဗီရာခရုဇ်(မက္ကဆီကို) စက်တင်ဘာ ၁၈

ကားလ်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုဗဟိုပင်လယ်ကွေ့သို့ စက်တင်ဘာ ၁၇ရက်က ဝင်ရောက်ခဲ့သဖြင့် မြေပြိုကာ လူနှစ်ဦး သေဆုံးသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဖြစ်ပေါ်ခဲ့

၎င်းမုန်တိုင်းဒဏ်ကြောင့် ဗီရာခရုဇ်ဆိပ်ကမ်းတွင် သစ်ပင်ကြီးများ လဲပြိုပြီး **(ဝဲပုံ)** လမ်းများပေါ်၌ ရေလွှမ်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

တိုက်ခတ်

ယင်းမုန်တိုင်းသည် အားပျော့သွားသော်လည်း ကုန်းတွင်းပိုင်း၌ တစ်နာရီ ၃၅မိုင်နှုန်း တိုက်ခတ်လျက်ရှိကြောင်း အမေရိကန်ဟာရီကိန်းဌာနက ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အသီးအရွက်များများစားလျှင် ကျောက်ကပ်ရောဂါ ကာကွယ်ပေးနိုင်

နယူးယောက် စက်တင်ဘာ ၁၈

သွေးတိုးရောဂါမဖြစ်အောင် နေထိုင်စားသောက်ခြင်းဖြင့် ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သတင်းထုတ်ပြန်သည်။

တွေ့ရှိ

ဟင်းသီးဟင်းရွက်များ နေ့စဉ်စားသုံးပေးခြင်းဖြင့် သွေးတိုးရောဂါဖြစ်ပွားမှုမှ လျော့ကျစေနိုင်ပြီး ကျောက်ကပ်ရောဂါကိုလည်း ကာကွယ်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း အမေရိကန်သုတေသီများက တွေ့ရှိထားသည်။

အဆိုပါအဖွဲ့က လူပေါင်း ၃၄၂၆ဦးတို့အား အသီးအရွက်စားသုံးမှုနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုကို နှိုင်းယှဉ်၍ သုတေသနပြုခဲ့ရာတွင် အသီးအရွက်စားသုံးသူများမှာ ကျောက်ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းနည်းပါးသည်ဟု ဆိုသည်။ **(အင်တာနက်)**

လမျက်နှာပြင်ပေါ်တွင် အောက်ဆီဂျင်နှင့် ဆီလီကွန်တို့ တွေ့ရှိ

နယူးယောက် စက်တင်ဘာ ၁၈

လကမ္ဘာသည် ယခင်သိပ္ပံပညာရှင်တို့ ယူဆထင်မြင်ထားသည်ထက် ဘူမိဗေဒနည်းအရ အလွန်ရှုပ်ထွေးသည့် အစိတ်အပိုင်းများ ပါဝင်နေကြောင်း စက်တင်ဘာ ၁၇ရက်ထုတ် သိပ္ပံဂျာနယ်တစ်စောင်တွင် ဖော်ပြသည်။ နာဆာမှ လွှတ်တင်ထားသော လကမ္ဘာစူးစမ်းလေ့လာရေး အာကာသယာဉ်မှရခဲ့သော အချက်အလက်များအရ လကမ္ဘာပေါ်တွင် အောက်ဆီဂျင်နှင့် ဆီလီကွန်တို့ ပါဝင်နေကြောင်း၊ လစူးစမ်းလေ့လာရေးအာကာသယာဉ်သည် ၎င်းအချက်အလက်များကို လမျက်နှာပြင်အထက် ၃၁မိုင်အကွာမှ လှည့်လည်စူးစမ်းလေ့လာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဂျာနယ်၌ ဖော်ပြသည်။ **(အင်တာနက်)**

ကူရီရော့စတီးအမည်ရှိ စက်ရုပ်အာကာသယာဉ် အင်္ဂါဂြိုဟ်သို့ စေလွှတ်ရန် နာဆာစီစဉ်နေ

နာဆာ စက်တင်ဘာ ၁၈

နာဆာသိပ္ပံပညာရှင်အဖွဲ့က ၂၀၁၁ခုနှစ်နှောင်းပိုင်းတွင် အင်္ဂါဂြိုဟ်ပေါ်သို့ စက်ရုပ်စူးစမ်းလေ့လာရေး အာကာသယာဉ် လွှတ်တင်သွားနိုင်ရန် ကူရီရော့စတီးအမည်ရှိ စက်ရုပ်အာကာသယာဉ် တည်ဆောက်နေကြောင်း ၎င်းအဖွဲ့က စက်တင်ဘာ ၁၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

ပြုလုပ်

အဆိုပါ သိပ္ပံပညာရှင်အဖွဲ့သည် ယခုအခါ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီးနားဒေသရှိ ဓာတ်ခွဲခန်း၌ ကူရီရော့စတီးအမည်ရှိ စက်ရုပ်အာကာသယာဉ်ကို တည်ဆောက်နေစဉ် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

၎င်းအာကာသယာဉ်သည် ၂၀၁၂ခုနှစ် ဩဂုတ်လတွင် အင်္ဂါဂြိုဟ်နှင့်စပ်လျဉ်းသည့် သိပ္ပံဆိုင်ရာ သုတေသနများပြုလုပ်ရန် စီစဉ်ထားကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အားကစားပြိုင်ပွဲများ အောင်နိုင်မှုရရှိရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးပွဲတွင် အမှာစကားပြောကြားစဉ်။ (အား/ကာ)

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၁၀ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်နိုင်မှုရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်သည်။

အဆိုပါ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် (၂၅)ဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တင်ပြဆွေးနွေးပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် (၂၅)ဖွဲ့တို့မှ တာဝန်ရှိသူများက အောင်နိုင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေး

ထို့နောက် ဆေးဘက်ဆိုင်ရာ ကော်မတီမှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးနော်တောင်တို့က အထွေထွေကိစ္စရပ်များအပေါ် ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်မိဘများဖြစ်ကြသော ဦးစံဖေ-ဒေါ်ဒေါ်တင်၊ ဦးထွန်းမှို-ဒေါ်ထွန်း၊ ခင်ပွန်းဦးစိုးလှိုင်၊ သားကြီး ဦးဌေးလှိုင်တို့အားရည်စူး၍ ခြံအမှတ် ၆၈ ဆရာစံလမ်းမကြီး ဗဟန်းမြို့နယ်နေ ဒေါ်ကြည်ကြည်လှိုင်နှင့်သားသမီး၊ မြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

စောင့်ကြည့် သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြစ်အတွင်း အမှိုက်စွန့်မှုကို ထိရောက်စွာ အရေးယူမည်၊ လှော်ကားသဘာဝဥယျာဉ်၌ ညအိပ် ညနေ တည်းခိုနိုင်တော့မည်၊ ရတနာပုံနေရှင်နယ် Web Portal စက်တင်ဘာလကုန်တွင် လွှင့်တင်နိုင်ရန် စီစဉ်လျက်ရှိ၊ UMFCCI မှ ကုန်သည်အငြင်းပွားမှု ၄၂မှု ဖြေရှင်းပေးခဲ့၊ ကမ်းနားလမ်းနှင့် မလွတ်ကင်းသော အဆောက်အအုံအချို့ စတင်ဖျက်သိမ်း၊ မော်တင် Junction Center ရှိ ရုပ်ရှင်ရုံကို စက်တင်ဘာ ၁၇ရက်တွင် စတင်ကြည့်ရှုနိုင်မည်၊ စင်ကာပူနိုင်ငံ BCA Academy ကျောင်းဝင်ခွင့်စာမေးပွဲ စစ်ဆေးမည်၊ ဖုန်း MP4, MP3 တို့ကို ခရီးသွားရင်း အားသွင်းနိုင်သော ဆိုလာအားသွင်းစက်အသစ် ဈေးကွက်ထဲရောက်ရှိ၊ နယ်စပ်မြို့အချို့တွင် တရားဝင်မော်တော်ယာဉ်လိုင်စင်များ ထုတ်ပေးခြင်းရပ်နား၊ မန္တလေးမြို့တွင် ကြိုးဖုန်းများ နေ့ချင်းပြီး တပ်ဆင်ပေးလျက်ရှိ၊ ဒေါ်လာဈေး၊ ရွှေဈေးတွေ ထိုးကျ၊ မြန်မာကျပ်ငွေ ပိုမိုခိုင်မာလာ၊ နှမ်းစပါးစိုက်ပျိုးမှုအတွက် ငွေကျပ်သိန်းနှစ်ထောင်ကျော်ကို ချေးငွေအဖြစ် ချထားပေးနိုင်ရန်စီစဉ်နေ၊ ကားအမျိုးအစားသစ်များ ကားဈေးကွက်သို့ ဝင်ရောက်လာ ဝယ်ပြီးကားများ ထင်သလောက်ဈေးမရမှာကို စိုးရိမ်မှုများရှိနေ၊ ဖုန်းနှင့်အင်တာနက် တွဲသုံးရသည့် FTTX စနစ် ရန်ကုန်တွင် ခေတ်စားလာဖွယ်ရှိ၊ ဖုန်း၏ Function များကို သေချာလေ့လာပြီးမှ ဝယ်ယူသင့်၊ လုပ်ငန်းရှင်အချို့ကြောင့် မြန်မာတိုင်းရင်းဆေး မညှိုးနွမ်းစေချင်၊ မသုံးစွဲသင့်သည့် ဆေးဝါးများကိုလိုက်လံစစ်ဆေး အရေးယူမည်၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ အပြာရောင်သန်းနေသော နှလုံးဝေဒနာရှင်၊ ပါရဂူရဲ့ကြယ်တစ်ပွင့်၊ သက်ပြင်း(ရမည်းသင်း)ရွေးကောက်ပွဲ အတွေ့အကြုံ၊ ရွှေစင်ကိုကိုရဲ့ တရုတ်- အိန္ဒိယ ရာစုနှစ် အားပြိုင်ပွဲ၊ မြသူအောင်ရဲ့ ဟိမဝန္တာပြိုင်ဘက်များ၊ ခုနှစ်ရက်သားသမီးများအတွက် ဇင်ယော်နီရဲ့ ကံကောင်းခြင်းလက်ဆောင်၊ ဖီးနစ်ဒိုးပုံ့ထက် ပိုမိုအားကောင်းသည့် ဝေဟင်ပစ်ဒုံးပျံထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း အီရန်ကြေညာ၊ ပြည်တော်ပြန် ဗြိတိန်စစ်သားအချို့ ဘိန်းဖြူမှောင်ခိုသွင်းလျက်ရှိ၊ ပေါင် ၁ ဒသမ ၂၅ ဘီလီယံ သုံးစွဲပြီးနောက် လေယာဉ်တင်သင်္ဘောကြီးနှစ်စင်း တည်ဆောက်မည့် စီမံကိန်း ကွန်ဆာဗေးတစ်အစိုးရ ဖျက်သိမ်းဖွယ်ရှိ အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ သာပေါင်းမြို့နယ်၌ကျင်းပ

သာပေါင်း စက်တင်ဘာ ၁၈

သဘာဝရေပြင်များအတွင်း ငါးသယံဇာတတိုးတက်ပွားများစေရေး၊ အထွက်နှုန်းတိုးစေရေးနှင့် ကျေးလက်ဒေသနေ ရေလုပ်သားများ ဝင်ငွေတိုးတက်စေရေးအတွက် သဘာဝရေပြင်များအတွင်း ငါးသန်ကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁ ရက်က သာပေါင်းမြို့နယ် ဘုရားနီကျေးရွာအုပ်စု၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ

ငါးမျိုးစိုက်ထည့်ရာသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးကျော်မင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ ပုသိမ်ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်မျိုးတင့်နှင့်ဌာနဆိုင်ရာများ၊ ဘုရားနီကျွားရဲ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၀၀ ပါဝင်ပြီး ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားဗီးယားနှင့် ရွှေဝါငါးကြင်းများကို ငါးမျိုးစိုက်ထည့်ကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တိုင်းဦးစီးမှူး ဦးကျော်မင်းက ဘုရားနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ငါးသယံဇာတ ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ငါးလုပ်ငန်း)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ပုသိမ်မြို့၌ ဖွင့်လှစ်

ပုသိမ် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁၄ရက် နံနက် ၈နာရီက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးကြည်အောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးအောင်မျိုးသန့်တို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင်မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင် ဦးစန်းငွေက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့ကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဝေက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားချက်များနှင့် မဲရုံမှူးများ ရေးသွင်းရမည့်ပုံစံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မရှင်းလင်းသည့်အချက်များကို တိုင်းကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းနှင့် ဦးအောင်မြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မဲရုံသရုပ်ပြပွဲကို ဆက်လက်ကျင်းပသည်။ လုပ်ငန်းသင်တန်းသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်အင်အား ၈၂၁ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)



မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်ရေး အလှူငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်ရှိ အများပြည်သူသောက်သုံးလျက်ရှိသော မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း အမှတ် ၁၁၃/၃ နေ အလှူရှင် ဒေါ်ဝင်းကြည်နှင့် မောင်ဖြစ်သူ ဦးဟုတ်သိန်းတို့၏ မွေးနေ့အတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကန်တူးဖော်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင် **(အောက်ပုံ)**တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ အလှူငွေများကို ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၅၆၈၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၃) ပန်းဘဲတန်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

အ.ထ.က(၃) ပန်းဘဲတန်း၏ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီ မှ ညနေ ၅ နာရီအထိ Central Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာဆရာမဟောင်းများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ကိုထွန်းအောင် ဖုန်း-၀၉-၅၀-၁၁၉၈၇၊ ကိုမောင်မောင် ဖုန်း-၀၁-၂၄၁၇၂၁၊ ကိုအောင်ချိုဝင်း ဖုန်း-၀၉-၅၁-၀၂၉၉၈၊ ကိုအောင်သူ ဖုန်း-၀၉-၈၆-၁၅၃၅၁၊ ကိုမျိုးမြင့် ဖုန်း-၀၉-၉၉-၇၃၃၉၂၊ ကိုမြင့်ဝင်း ဖုန်း-၀၉-၈၀-၂၀၆၅၂၊ ကိုအေးကျော် ဖုန်း-၀၁-၃၈၁၉၄၄၊ ကိုစိုးတင့် ဖုန်း-၀၉-၅၀-၀၃၅၁၀၊ ကိုညီညီဦး ဖုန်း-၀၉-၅၀-၉၈၅၁၈နှင့် မအေးမိုးတင် ဖုန်း-၀၁-၃၇၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့မဈေးမီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်သော ဂါလန် ၁၆၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မအူပင်-မလက်တို-တွံတေးလမ်းပိုင်း လမ်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

လုပ်ငန်းဆောင်ရွက် ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်လှမင်းက လိုအပ်သည်များမှာကြား၍ အိမ်မဲမြစ်ကူးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မအူပင်-မလက်တို-တွံတေးလမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် မအူပင်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင် မိသားစုများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့+နံနက်+နေ့လယ်+ည)

၂၀-၉-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ အာဠာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ တေးသီချင်း
၈:၃၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (တရုတ်နံ့နံ့ပင်စိုက်ပျိုးရေး) တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (လည်တိုင်ကျော့ရှင်း အလှဝင်း)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (မီဂါကြယ်အကြောင်း+ ယင်ကောင်ရဲ့မျက်လုံးကို စစ်ဆေးသည့် ကိရိယာ)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (ကျန်းမာရေးဝန်ကြီးဌာန)
၁၂:၂၀ တေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ပထမတန်း-ပြည်ထောင်စုစိတ်ဓာတ်) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကလေးသွားပေါက်ခြင်း)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၅) ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ဇနီးချောများကွန်ရက်- ပထမပိုင်း) တေးသီချင်း
၁၉:၄၀ ပြုံးပဒေသာ (ဟာသကမ္ဘာ-၇) နိုင်ငံရေးဦးတည်ချက်
၂၀:၀၀ ပြည်တွင်းသတင်း တေးသီချင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အချစ်သည်ဘဝလား ဘဝသည်အချစ်လား) စီးပွားရေးဦးတည်ချက်
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ
အရှည်ပေ ၃၀၀၊ ခွင့်ပြုတန် ၆၀ရှိ နန်ကသူတံတားဖွင့်

နေပြည်တော် စက်တင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ- မြို့ကွင်း - ကွင်းကောက်လမ်းပေါ်ရှိ နန်ကသူချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တည်ဆောက်ပေး

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင်နှင့် ဒေသခံပြည်သူတစ်ဦးတို့က နန်ကသူချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီး တို့သည် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နန်ကသူချောင်းတံတားသည် အပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်းနှင့် ရက်မအောက်ထည် သံကူကွန်ကရစ် ဘိုးပိုင် တံတားအမျိုးအစားဖြစ်ပြီး နှစ်လမ်းသွားနှင့် ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေ၊ တံတားအရှည် ပေ၃၀၀၊ ခွင့်ပြုတန်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း နန်ကသူ တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

JCU ၏ အထူးပညာသင်ထောက်ပံ့ကြေး
ဆက်သွယ်လျှောက်ထားနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

ဩစတြေးလျတက္ကသိုလ် JCU မှ ချီးမြှင့်မည့် IT ၊ စီးပွားရေး ဒီဂရီနှင့် မာစတာဘွဲ့၊ စိတ်ပညာဘွဲ့၊ Marine Science ဘာသာရပ်များအတွက် အထူးပညာသင် ထောက်ပံ့ကြေးကို CROWN Education တွင် စက်တင်ဘာ ၂၇ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားနိုင်

JCU မှ စက်တင်ဘာ ၁၀ရက်တွင် ကျင်းပပြုလုပ်သည့် ပညာသင်ထောက်ပံ့ကြေး စာမေးပွဲဖြေဆိုရန် အချိန်မမီ လိုက်သူများနှင့် စကောလားရှစ် မရရှိ သူများအတွက် အထူးပညာသင် ထောက်ပံ့ကြေးကို CROWN Education တွင် လျှောက်ထားနိုင်သည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးကို IELTS/ TOEFL ရမှတ်မရှိသူများပါ လျှောက်ထားနိုင်ပြီး JCU ၏ အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲတစ်ခုကိုသာ ဖြေဆိုရန်လိုအပ်သည်။ အဆိုပါ ပညာသင်ထောက်ပံ့ကြေးအတွက် အကျုံးဝင်မည့် ဘာသာရပ်များမှာ IT၊ စီးပွားရေး ၊ Psychology ၊Marine Science, MBA ဘာသာရပ်များဖြစ်ကြောင်း သိရသည်။

James Cook University တွင် Master of Information Technology နှင့် MBA အား ပူးတွဲသင်ယူ ဘွဲ့ရရှိနိုင်သည့်အပြင် M.B., B.S ဘွဲ့ရများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်များ ရရှိနိုင်သည့် ဩစတြေးလျအစိုးရ အသိအမှတ်ပြု Psychology ဘွဲ့၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေး ဆိုင်ရာဘွဲ့ကို တွဲဖက်ယူနိုင်သည့် Bachelor of Business and Environmental Science ဘာသာရပ်များကိုပါ လေ့လာသင်ယူနိုင်ပြီး ပြည်တွင်းရှိ သင်တန်းကျောင်းများတွင် တက်ရောက်သင်ယူထားသည့် IDCS, IADCS, ABE နှင့် အခြား အသိအမှတ်ပြု ကွန်ပျူတာ၊ စီးပွားရေးဆိုင်ရာ ဒီပလိုမာများ ကိုင်ဆောင်ထားသူများ အနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်များ လျှောက်ထားနိုင်သည်။

စာရင်းပေးနိုင်

အဆိုပါ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အသေးစိတ် အချက်အလက်များကို သိရှိရန်နှင့် စာရင်းပေးသွင်းရန် CROWN Education ရုံးခန်း၊ Summit Parkview Hotel, ဖုန်း-၂၁၁၈၈၈ -လိုင်းခွဲ-၂၂၈သို့ ဆက်သွယ်စာရင်းပေး စုံစမ်းနိုင်သည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး
နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှု စာချွန်လွှာ အကောင်အထည်ဖော်ရေး စတုတ္ထအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် မန္တလေးမြို့ မန္တလေးတောင်ဟိုတယ် အနော်ရထာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်တို့ ဦးဆောင်ပြီး ဆက်နွယ်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုလုံခြုံရေးဝန်ကြီးဌာန (Ministry of Social Development and Human Security) မှ Chief of Inspector General, Ms. Sirirat Ayuwat ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ်နှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုလုံခြုံရေးဝန်ကြီးဌာနမှ Chief of Inspector General တို့က အမှာစကား ပြောကြားကြပြီး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များ၊ ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံချက်အရ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံနယ်စပ် ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

အကောင်အထည်ဖော်

အဆိုပါ အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပခဲ့ပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၉ ခုနှစ် ဧပြီ ၄ရက်တွင် လက်မှတ်ရေးထိုးကာ ပထမ သုံးနှစ် စီမံကိန်း (၂၀၀၉-၂၀၁၁) ကို ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုသိမ်ခရိုင်အတွင်းရှိ လမ်း၊ တံတားများ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက သာပေါင်းမြို့နယ်မြေခံတပ်ရင်း၌ မိသားစုဝင်များ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိနှင့် စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပုသိမ်-မော်တင်စွန်းလမ်း၊ ဂျက်ကာ-စိန်တောင်အပိုင်း လမ်း၊တံတားများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-ငပုတောလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ သက္ကယ်ချောင်းတံတားနှင့် ပေပင်ချောင်းတံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုတို့အပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်နှင့်လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ မော်လမြိုင် အထက(၁)၌ ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၈

မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၄ရက်က မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစိန်ရတုခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြညွန့်ရီက အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေး **(အပေါ်ပုံ)**က မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ၂၀၀၇/၂၀၀၈/၂၀၀၉နှင့် ၂၀၁၀ခုနှစ် ဇူလိုင်လကုန်အထိ ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ သေဆုံးသူ၊ ဒဏ်ရာရသူ အခြေအနေများ၊ ယာဉ်တိုက်မှုဖြစ်စဉ်သာဓကများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအကြောင်းတို့ကို လည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာကြရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လမ်းဆုံလမ်းခွများ၌ ယာဉ်ထိန်း လက်အချက်ပြစနစ်များကိုလည်းကောင်း ရှင်းလင်းပြောကြပြီး အသိပညာပေး ဗာတ်လမ်းဗွီစီဒီကို ပြသသည်။

ပေးအပ်

ထို့နောက် ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဗာတ်လမ်းဗွီစီဒီနှင့် လက်ကမ်း စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၁၄)

ရွှေမြယာစင်တာနှင့် အရောင်းဆိုင်ခွဲဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၈

City Mart Supermarket ၏ ကိုးဆိုင်မြောက် ဆိုင်ခွဲဖြစ်သော ရွှေမြယာ ဆိုင်ခွဲကို ၂၀၀၇ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၄င်း City Mart Supermarket ရွှေမြယာဆိုင်ခွဲနှင့် Shwe Mya Yar Center ကို တစ်မူထူးခြားသော အပြင်အဆင် ဝန်ဆောင်မှုများဖြင့် ဩဂုတ် ၃၀ရက်တွင် ပြင်ဆင်ဖွင့်လှစ်ခဲ့သည်။**(အပေါ်ပုံ)** အသစ်ပြန်လည်ဖွင့်လှစ်လိုက်သော Shwe Mya Yar Center တွင် City Mart Supermarket နှင့်အတူ City Medic Pharmacy, Seasons Bakery & Cafe, Comet Net Internet & Game Centre, City Books & Music, ကလေးငယ်များ အန္တရာယ်ကင်းစွာဆော့ကစားနိုင်သည့် ခေတ်မီ ကလေးကစားကွင်း၊ အမျိုးသမီးဝတ် Fashion Design များအတွက် Royal Moe, Papillon, Su San, Best Style, I-Gift နှင့် New Channel ဆိုင်များ၊ လက်ကိုင်အိတ်အမျိုးမျိုးကို ရောင်းချပေးသော Young Heart နှင့် Fancy ပစ္စည်းနှင့် Accessories မျိုးစုံ ရောင်းချပေးမည့် Pink, Blessing ဆိုင်များအပြင် ရွှေပုလ္လင် Tea-house လည်း ပါဝင်သည်။

Shwe Mya Yar Center ရှိ City Mart Supermarket တွင် စားသောက်ကုန်အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံအမျိုးမျိုး၊ သန့်ရှင်းလတ်ဆတ်သော အသင့်စား သားငါးများ၊ မီးဖိုချောင်သုံး ပစ္စည်းများကို တစ်နေရာတည်းတွင် ပြည့်စုံစွာ ဝယ်ယူရရှိနိုင်ရန် စီစဉ်ထားသည်။

City Medic Pharmacy တွင် နိုင်ငံခြားဆေးနှင့် မြန်မာဆေးမျိုးစုံကို ရရှိနိုင်သည်။ City Books & Music ဆိုင်၌ ပြည်တွင်းနှင့် နိုင်ငံတကာ CD, VCD, DVD သီချင်းခွေအမျိုးမျိုး၊ မြန်မာစာပေနှင့် နိုင်ငံတကာစာအုပ်၊ စာပေများကိုလည်း စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်သန့်ရှင်းရေး အလုပ်ရုံဆွေးနွေးပွဲ ရေးမြို့နယ်၌ကျင်းပ

ရေး စက်တင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့က ပူးပေါင်းကျင်းပသော (Technical Training and Reinforcing Workshop) ကို စက်တင်ဘာ ၁၅ရက်က ရေးမြို့ပြည်သူ့ဆေးရုံ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးငြိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးငြိမ်းက ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်နိုင်**(အပေါ်ပုံ)**က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

တောင်ဥက္ကလာပမြို့နယ် အလက (၄)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်က သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုနှင့် တိုင်းအဆင့်သင်္ချာထူးချွန်ဆုရ မောင်ပြည့်သူရစိမ်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သတိမကွာအသိပညာဖြင့် နေထိုင်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာနန္ဒမာလာဘိဝံသ)
၆:၄၀	ကလောမှာထင်ရှား **ရွှေဥမင်**ဘုရား
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၂)
၈:၄၀	ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်
၈:၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အရှေ့အလယ်ပိုင်းအရပ်၌ရှိသော)
၉:၁၅	ဝတာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၉:၃၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၁၀	သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
၁၀:၃၅	ဗီဒီယိုပြခန်း
၁၀:၅၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမင်းသူ)
၁၁:၁၅	ဈေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
၁၁:၄၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂:၁၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝေမိုး)
၁:၀၀	**သတိမကွာအသိပညာဖြင့် နေထိုင်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (ယောက္ခမနှင့်အတူနေတာကောင်းတယ်၊ ယောက္ခမနှင့်အတူမနေတာကောင်းတယ်)
၃:၃၀	Kid's Show
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၂)
၄:၄၅	ဝတာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၅:၀၅	FMF Selection
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၉)
၇:၂၅	သွားမယ်စားမယ် (KIVA HAN CAFE' & RESTAURNT)
၇:၅၀	ပန်းချီပြခန်း (ချယ်ရီလွင်ပြင်အမှတ်(၂) ပန်းချီပြပွဲ)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Talent Show (မွန်ပြည်နယ်ကိုကိုနိုင်)
၉:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Phyu Phyu Kyaw Thein Solo concrt စာနယ်ဇင်းရှင်းလင်းပွဲ)
၉:၂၅	Barclays Premier League **(Chelsea Vs Blackpool)**
၁၀:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၃)
၁၂:၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အရှေ့အလယ်ပိုင်းအရပ်၌ရှိသော)
၁၂:၃၀	နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးဗုန်
၁၂:၅၅	သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
၁:၁၅	Movie Mistakes (Troy)
၁:၃၅	လှပသက်ဝင် ဖော့ပန်းပုရုပ်သွင်
၁:၅၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမင်းသူ)
၂:၁၀	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၂:၃၅	အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
၂:၅၀	ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၃:၁၀	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၃:၂၀	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၃:၄၀	ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၃:၅၅	သီးပွင့်ဝေဆာ၊ ပဒေသာ (ကျွဲကော)
၄:၀၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၄:၂၅	စိန်ဘုရားများ သီတင်းသုံးရာပဒုမ္မာ
၄:၄၅	ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Man U - Liverpool	ESPN (Live)
၈:၂၅	Wigan - Man City	STAR SPORTS (Live)
၉:၂၅	Chelsea - Blackpool	ESPN (Live)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၃၃၂၀၊ အကျယ် ၁၂ပေရှိ မကြီးကန်ရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အနာဂတ်နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ထုဆစ်ပုံဖော်သွားကြ

ယနေ့ တည်ဆဲအစိုးရသည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူတို့၏ လိုလားချက်ဆန္ဒများ၊ အနာဂတ်မျှော်လင့်ချက်များကို ကြိုးပမ်းဖော်ဆောင် ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ရန် လမ်းခင်းတည်ဆောက်ရင်း တစ်ဖက်မှလည်း ဆိုရှယ်လစ်စီးပွားစနစ်မှသည် ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ချမှတ်ဖော်ဆောင်ပေးခဲ့သည်။ ၁၉၉၅ခုနှစ်တွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ချမှတ်လျက် တစ်မျိုးသားလုံးအတိုင်းအတာနှင့် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့သည်။

တည်ဆဲအစိုးရသည် အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ယိမ်းယိုင်မှုမရှိစေရန်နှင့် အမျိုးသားရေးအကျိုးစီးပွားကို မထိပါးစေရန် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးနိုင်သော အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်ကို အခြေခံ၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ချိန်မှစ၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပထမဦးစားပေးလုပ်ငန်းတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်နည်းတူ တစ်ဖက်မှလည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရအောင် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကို ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ပေးလျက်ရှိသည်။

နိုင်ငံရေးတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် စီးပွားရေးတွင် တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် မနားမနေ အကောင်အထည်ဖော်ခဲ့ရာ ယနေ့ မြန်မာနိုင်ငံသည် နတ်ရေကန်တွင်ချလိုက်သည့်အလား ဘယ်ခေတ်ဘယ်အခါနှင့်မျှမတူအောင် ပြောင်းလဲတိုးတက်လာခဲ့သည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး ပြည်တွင်းဈေးကွက်သည် အာဆီယံဈေးကွက်၊ အာရှဈေးကွက်၊ နိုင်ငံတကာဈေးကွက်များနှင့် ဆက်စပ်ကျယ်ပြန့်လာခဲ့သည်။ ပြည်တွင်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း နိုင်ငံတကာအဆင့်မီ တိုးတက်လာခဲ့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍသစ်ကိုပါ ဖွင့်လှစ်နိုင်ခဲ့သည်။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ၊ အိုင်စီတီ အခြေခံနည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေးအဆောက်အအုံများ အဘက်ဘက်မှတိုးတက်လာခဲ့ပြီး တိုးတက်မှုပြယုဂ်အဖြစ် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်ကြီးများ အပြိုင်းအရိုင်း တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့သည်။ စိုက်ပျိုးရေးနှင့် စက်မှုနည်းပညာများ တိုးတက်လာသည့်အပြင် စက်မှုဇုန်ကြီးများ၊ စီးပွားရေးဇုန်များပါ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံဖြစ်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အလယ်အလတ် လူတန်းစားများ၊ ပညာရှင်များ၊ စက်မှုလယ်ယာ တောင်သူလယ်သမားများ၊ ခေတ်သစ်အလုပ်သမား လူတန်းစားများဖြင့် တိုးတက်ခေတ်မီသည့် လူမှုအဖွဲ့အစည်းကိုလည်း ပေါ်ထွန်းစေခဲ့သည်။

အခြားတစ်ဖက်ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိ ပြည်သိ ကမ္ဘာသိ ချမှတ်ကာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄) အောင်မြင်ပြီးမြောက်၍ အဆင့်(၅)ဆီသို့ အရှိန်အဟုန်ကောင်းကောင်းနှင့် ချီတက်နေပြီဖြစ်သည်။

မူဝါဒလမ်းစဉ်(၇)ရပ်ကို တည်ဆဲအစိုးရက လျှို့ဝှက်စွာ ကြံစည်ချမှတ်ပြီး သိုသိုသိပ်သိပ် လူမသိသူမသိ အကောင်အထည်ဖော်နေခြင်းမဟုတ်။ စတင်ချမှတ်စဉ်ကပင် တိုင်းသိ ပြည်သိ ကမ္ဘာသိ တရားဝင်ကြေညာ၍ ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ပြည်သူအားလုံးက လက်ခံယုံကြည်ကြသည့်နည်းတူ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများ အားလုံးကပါ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ကန်ဆုံးလမ်းကြောင်းအဖြစ် အသိအမှတ်ပြုလက်ခံခဲ့ကြပြီးလည်းဖြစ်သည်။ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၁)ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း တိုင်းသိပြည်သိ ကမ္ဘာသိပင် ကျင်းပပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်အများစု အပါအဝင် အစုအဖွဲ့ (၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၀၀၀)ကျော် တက်ရောက်လျက် အကျယ်ပြန့်ဆုံး ညှိနှိုင်းဆွေးနွေး တိုင်ပင်နှီးနှောခွင့်ရခဲ့ကြသည်။ အခြေခံဥပဒေရေးဆွဲရန် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို တညီတညွတ်တည်း ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည်။ ၎င်းအခြေခံမူများကိုအခြေခံလျက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားဥပဒေပညာရှင်များအပါအဝင် နိုင်ငံသားပညာရှင်များက ရေးဆွဲပြုစု ပြီးမြောက်ခဲ့ကြသည်။

အဆိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့နှင့် ၂၄ရက်နေ့များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ နိုင်ငံတော် တစ်ဝန်းလုံးက ဆန္ဒမဲပေးခွင့်ရှိသူ ၂၇၂၈၈၈၂၇ဦးအနက် ၉၈ဒသမ ၁၂ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ ဆန္ဒမဲပေးသူများအနက် ၉၂ဒသမ ၄၈ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၈ခုနှစ် မေလ ၂၉ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာနိုင်ခဲ့သည်။

ပြည်သူက ယခုကဲ့သို့ အခြေခံဥပဒေကို ၉၂ဒသမ ၄၈ရာခိုင်နှုန်း ထောက်ခံမဲဖြင့် အတည်ပြုလိုက်ခြင်းသည် အခြေခံဥပဒေကို အတည်ပြုရုံသာမက မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်ရန်အတွက်ပါ mandate ပေးလိုက်ခြင်းလည်းဖြစ်သည်။ ထို့ပြင် ပြည်သူများအနေနှင့် အခြေခံဥပဒေကို အမှန်တကယ် နှစ်သက်လက်ခံနိုင်ခြင်းကြောင့် ဖြစ်သကဲ့သို့ လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့် ၎င်း၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် နှစ်နှစ်ကာကာ လိုလားသက်ဝင် ယုံကြည်အားထားခြင်းကြောင့်လည်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူအားလုံး၏ တစ်ခဲနက်ထောက်ခံမဲဖြင့် အောင်မြင်စွာ အတည်ပြုပေးနိုင်ခဲ့ခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းအတွက် လွန်စွာအရေးပါပြီး ကြီးမားသည့်အလှည့်အပြောင်း (Turning Point) တစ်ခုဖြစ်သည့်အပြင် ပြည်သူအားလုံးအတွက် ဒီမိုကရေစီအခွင့်အလမ်းကောင်းတစ်ရပ်ကို ဖွင့်လှစ်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

သို့သော် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အင်အားစုများက အမျိုးမျိုး ဝေဖန်ဆန့်ကျင်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တည်ဆဲအစိုးရကို ဦးတည်၍ ဆန့်ကျင် ကန့်ကွက်ကြခြင်းဖြစ်သော်လည်း ဤဖြစ်စဉ်ဖြစ်ရပ်ကြီး၏ အဓိကအဆုံးအဖြတ်ပေးသူမှာ ပြည်သူသာဖြစ်သည့်အတွက် ပြည်သူ၏ အဆုံးအဖြတ်ကို ထိပါးစော်ကားရာရောက်သကဲ့သို့ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရာ ရောက်သည်ဟုလည်း ဆိုနိုင်သည်။

ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့် (၅)ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီများ ထူထောင်ခွင့်၊ စည်းရုံးခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့်များကို ခွင့်ပြုပေးထားပြီးဖြစ်သည်။ ၎င်းအပြင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ထုတ်ပြန်ပြီး ရွေးကောက်ပွဲကော်မရှင်နှင့် အခြားလိုအပ်မည့် အောက်ခြေအဆင့်ဆင့် ရွေးကောက်ပွဲကော်မရှင်များကို ဖွဲ့စည်းပေးလျက် ရွေးကောက်ပွဲအကြို လုပ်ငန်းစဉ်များကိုလည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရွေးကောက်ပွဲတွင် ပြည်သူ့ဆန္ဒမဲနှင့် အရွေးချယ်ခံရသူများသည် အဆင့် (၆)ဖြစ်သည့် လွှတ်တော်အသီးသီး၌ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရရှိကြမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြပြီး လွှတ်တော်အတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာကိစ္စအဝဝ၌ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ကြမည် ဖြစ်သကဲ့သို့ ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်ခွင့်များလည်း ရရှိလာကြမည်ဖြစ်သည်။ ထို့အတူ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းပြီး ၎င်းဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များဖြင့် အဆင့်(၇)ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်

ယနေ့ပြည်သူသည် ၁၉၉၀ခုနှစ်က ပြည်သူမဟုတ်တော့။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပြင် နိုင်ငံတကာအမြင် အသိဗဟုသုတများမြင့်မားပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ကောင်းကောင်းခွဲခြား နားလည်နိုင်သည်၊ အတွေးအခေါ်မြင့်မားသည့် အရည်အသွေးမြင့် ပြည်သူများ ဖြစ်နေ။ ယခင်ကကဲ့သို့ နိုင်ငံရေးသမားများ၏ မစားရဝခမန်း ပြောသမျှ ဟောသမျှကို လက်ခံယုံကြည်ပြီး ပုဂ္ဂိုလ်ရေးပေါ်လွင်ထင်ရှားမှုကို ဘုမသိ ဘမသိ လက်ညှိုးထောင် ခေါင်းညိတ်ထောက်ခံခဲ့ကြသူများ မဟုတ်တော့။ ကောင်းသည်ကိုလုပ်လျှင် ကောင်းမှန်းသိပြီး ထောက်ခံအားပေးမည်ဖြစ်သကဲ့သို့ မကောင်းသည်ကိုလုပ်လျှင် မကောင်းမှန်းသိပြီး ငြင်းပယ်ဆန့်ကျင်မည်သာဖြစ်။

မြတ်ဘုန်းလှ

တည်ဆောက်ရေးကို ဆက်လက်အကောင်
သွားနိုင်ကြမည်သာဖြစ်သည်။

နိုင်ငံတော်အပိုင်းက ပြည်သူများ
အလေးထားပြီး မူဝါဒလမ်းစဉ်(၇)ရပ်ကို
အထည်ဖော်ခြင်းသည် ပြည်သူများအ
အခြေခံဥပဒေနှင့်အညီ ပြည်သူများကိုယ်
ပင်ဖြစ်သည်။ ဤသို့ မူဝါဒလမ်းစဉ်(၇)
ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျ
တည်တံ့ခိုင်မြဲစွာ ကျင့်သုံးနိုင်စေရန်နှ
တည်ငြိမ်စွာ ကူးပြောင်းနိုင်စေရန် အဘ
ဆောင်ရွက်လျက်ရှိသည့်အကြားမှပင် ပြ
အင်အားစုများကလည်း သခွတ်ပင်က
ဆိုသကဲ့သို့ အမျိုးမျိုး ဆန့်ကျင်တားဆီး
လျက်ရှိကြသည်။

ယခုအချိန်တွင် တည်ဆဲဥပဒေများ
ပျက်ပြယ်သွားပြီးဖြစ်သည့် ပါတီဟော
ရွေးကောက်ပွဲကို ပြည်သူများ မဲမပေးဘဲ
သွေးထိုးလှုံ့ဆော်လျက်ရှိသည်။ ၎င်းတို့
ပြည်သူများက ရွေးကောက်ပွဲကို ဆန့်ကျ
ဖြင့် တည်ဆဲအစိုးရ၏ မူဝါဒလမ်းစဉ် (၇
ဖော်မှုအပေါ် အဟန့်အတားဖြစ်စေရန်
ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရန် ဦး
ဖြစ်သည်။ **ရွေးကောက်ပွဲတွင် မဲပေ**
မဲပေးခြင်းမပြုဘဲ နေနိုင်သောအခွင့်
ရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းထ
အခွင့်အရေးကို မိမိဆန္ဒအလျောက် လ
နိုင်ခွင့်ရှိသော်လည်း ဤသို့ဤနယ် မဲမ
သပိတ်မှောက်ကြရန် စည်းရုံးလှုံ့ဆော်
လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅
ရွေးကောက်မှုအခွင့်အရေးကို လွတ်လပ်
မလျော်ဩဇာသုံးခြင်းနှင့် ငြိစွန်းနေကြေ
ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ
“ဆန္ဒမဲပေးခြင်းပျက်ပြားစေရန်ဖြစ်စေ၊
စေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊
ခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြု
နည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းပြုလုပ်
ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်
ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ
ပြဋ္ဌာန်းထားသည်ကိုလည်း နားလည်ဆ

ထို့အပြင် အဆိုပါ ပါတီသည် သ
အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်
အပါအဝင် ပါတီအချို့အား နိုင်ငံရေးပါတီ
ခြင်းကို ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းလို
ဆန့်ကျင်မှုများ ပြုလုပ်လျက်ရှိသည်။
နိုင်ငံရေးပါတီဟောင်းတစ်ခုအား ဖျက်သိ
မရှိကြောင်း၊ ၎င်းတို့၏ပါတီသည်
ကြောင်း ဆန့်ကျင်ပြောကြားလျက်ရှိ
ကော်မရှင်က သက်ဆိုင်ရာဥပဒေ၊ န
စနစ်တကျ ဆောင်ရွက်ခြင်းအပေါ် ဥပဒေ
မျက်ကွယ်ပြုပြီး ဤသို့ ဆန့်ကျင်ပုတ်ခတ်
လူထု ထင်ယောင်ထင်မှားဖြစ်အောင် ပြု
ကြီးသည့် အနေအထားပင်ဖြစ်သည်။ ဤ
ပြုမူပြောဆို လုပ်ဆောင်ချက်များသည် နိ
တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၅/၉
နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွ
ပေးရေးနှင့် အမျိုးသားညီလာခံ လုပ်င
ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျ

စ်ပုံဖော်သွားကြမည်

မြတ်ဘုန်းလူ

တည်ဆောက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ကြမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်သူများ၏ လိုလားချက်ဆန္ဒကို အလေးထားပြီး မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်ခြင်းသည် ပြည်သူများအတည်ပြုပေးထားသည့် အခြေခံဥပဒေနှင့်အညီ ပြည်သူများကိုယ်စား ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ဤသို့ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစွာ ကျင့်သုံးနိုင်စေရန်နှင့် ဒီမိုကရေစီစနစ်သို့ တည်ငြိမ်စွာ ကူးပြောင်းနိုင်စေရန် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည့်အကြားမှပင် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများကလည်း သခွတ်ပင်က မီးတကျည်ကျည် ဆိုသကဲ့သို့ အမျိုးမျိုး ဆန့်ကျင်တားဆီး နှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိကြသည်။

ယခုအချိန်တွင် တည်ဆဲဥပဒေများအရ အလိုအလျောက် ပျက်ပြယ်သွားပြီးဖြစ်သည့် ပါတီဟောင်းတစ်ခုက လာမည့် ရွေးကောက်ပွဲကို ပြည်သူများ မဲမပေးဘဲ သပိတ်မှောက်ကြရန် သွေးထိုးလှုံ့ဆော်လျက်ရှိသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ပြည်သူများက ရွေးကောက်ပွဲကို ဆန့်ကျင်ပြီး မဲမပေးဘဲနေခြင်းဖြင့် တည်ဆဲအစိုးရ၏ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှုအပေါ် အဟန့်အတားဖြစ်စေရန်နှင့် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ **ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ မဲပေးခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေးကို လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ယင်းအခွင့်အရေးကို မိမိဆန္ဒအလျောက် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း ဤသို့ဤနှယ် မဲမပေးဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေခြင်းသည် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၇ပါ မဲဆန္ဒရှင်များ၏ ရွေးကောက်မှုအခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲ၍မရစေရန် မလျော်ဩဇာသုံးခြင်းနှင့် ငြိစွန်းနေကြောင်း သတိပြုသင့်သည်။ ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၈(ဃ)၌လည်း "ဆန္ဒမဲပေးခြင်းပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းပြုလုပ်လျှင် ထိုသူအား (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟူ၍ ပြဋ္ဌာန်းထားသည်ကိုလည်း နားလည်ဆင်ခြင်သင့်သည်။**

ထို့အပြင် အဆိုပါ ပါတီသည် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၎င်းတို့ပါတီအပါအဝင် ပါတီအချို့အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းလိုက်ခြင်းအပေါ် အမျိုးမျိုး ဆန့်ကျင်မှုများ ပြုလုပ်လျက်ရှိသည်။ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီဟောင်းတစ်ခုအား ဖျက်သိမ်းရန် ကြေညာပိုင်ခွင့်မရှိကြောင်း၊ ၎င်းတို့၏ပါတီသည် လုံးဝပျက်ပြယ်ခြင်းမရှိကြောင်း ဆန့်ကျင်ပြောကြားလျက်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခြင်းအပေါ် ဥပဒေပါပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုပြီး ဤသို့ ဆန့်ကျင်ပုတ်ခတ်စကားများဖြင့် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်နေခြင်းမှာ အန္တရာယ်ကြီးသည့် အနေအထားပင်ဖြစ်သည်။ ဤသို့ တရားလက်လွတ် ပြုမူပြောဆို လုပ်ဆောင်ချက်များသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၅/၉၆ဖြင့် ပြဋ္ဌာန်းထားသည့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်

> **ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြည်သူအားလုံး၏ တစ်ခဲနက် ထောက်ခံမဲဖြင့် အောင်မြင်စွာ အတည်ပြုပေးနိုင်ခဲ့ခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းအတွက် လွန်စွာအရေးပါပြီး ကြီးမားသည့် အလှည့်အပြောင်း (Turning Point) တစ်ခုဖြစ်သည့်အပြင် ပြည်သူအားလုံးအတွက် ဒီမိုကရေစီ အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖွင့်လှစ်ပေးလိုက်ခြင်းလည်းဖြစ်။**

ဥပဒေနှင့် ငြိစွန်းနေသည်။ ထိုသို့ ငြိစွန်းမှုကြောင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရနိုင်သည်ကို သတိမူကြစေချင်သည်။

ဆန့်ကျင်ဘက်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒ ခံယူအတည်ပြုစဉ်ကလည်း Vote- No, No-Vote ကြွေးကြော်သံများဖြင့် ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် ပြည်သူကို စည်းရုံးလှုံ့ဆော်ခဲ့ကြဖူးသည်။ သို့သော် ပြည်သူအများစုက လွတ်လွတ်လပ်လပ် မိမိဆန္ဒအလျောက် ထောက်ခံမဲကိုသာ ပေးခဲ့ကြသည်။ ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့်လည်း လွတ်လွတ်လပ်လပ် ကန့်ကွက်မဲပေးခွင့်ရခဲ့ကြသည်။ ပြည်သူ၏ အဆုံးအဖြတ် ထွက်ပေါ်လာချိန်တွင် ဆန့်ကျင်ဘက်တို့၏ သွေးထိုးလှုံ့ဆော်စည်းရုံးမှုများကို ပြည်သူက လက်မခံကြောင်း ထင်ရှားစွာအဖြေပေါ်သွားခဲ့သည်။

ယနေ့ပြည်သူသည် ၁၉၉၀ခုနှစ်က ပြည်သူမဟုတ်တော့။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပြင် နိုင်ငံတကာအမြင် အသိဗဟုသုတများမြင့်မားပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ကောင်းကောင်းခွဲခြားနားလည်နိုင်သည့်၊ အတွေးအခေါ်မြင့်မားသည့် အရည်အသွေးမြင့် ပြည်သူများဖြစ်နေကြပြီဖြစ်သည်။ ယခင်ကကဲ့သို့ နိုင်ငံရေးသမားများ၏ မစားရဝခမန်း ပြောသမျှဟောသမျှကို လက်ခံယုံကြည်ပြီး ပုဂ္ဂိုလ်ရေး ပေါ်လွင်ထင်ရှားမှုကို ဘုမသိဘမသိ လက်ညှိုးထောင် ခေါင်းညိတ်ထောက်ခံခဲ့ကြသူများ မဟုတ်တော့။ ကောင်းသည်ကိုလုပ်လျှင် ကောင်းမှန်းသိပြီး ထောက်ခံအားပေးမည်ဖြစ်သကဲ့သို့ မကောင်းသည်ကို လုပ်လျှင် မကောင်းမှန်းသိပြီး ငြင်းပယ်ဆန့်ကျင်မည်သာဖြစ်သည်။

ယနေ့ပြည်သူများအနေနှင့် တည်ဆဲအစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစပြီး နိုင်ငံနှင့်ပြည်သူ၏ ရေရှည်အကျိုးစီးပွားကိုမျှော်မှန်းလျက် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ပေးနေသည်ကို သိနားလည် လက်ခံယုံကြည်အားကိုးသည့်အတွက် တည်ဆဲအစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်များကို အပြည့်အဝ အားပေးထောက်ခံလျက် ရှိကြသည်။ ဆန့်ကျင်ဘက်အင်အားစုများက မည်သို့ သွေးထိုးလှုံ့ဆော် ဆန့်ကျင်နေကြသည်ဖြစ်စေ အခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြသကဲ့သို့ ယခုလာမည့်ရွေးကောက်ပွဲတွင်လည်း နိုင်ငံရေးအသိ နိုးကြားထက်သန်စွာဖြင့် အနာဂတ်နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်မြှင့်တင်ပေးနိုင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို မဲပေးခွင့်ရှိသူ ပြည်သူအားလုံး ပါဝင်ဆန္ဒမဲပေးရွေးချယ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ထုဆစ်ပုံဖော်သွားကြမည်သာ ဖြစ်ပါသတည်း။ ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက္ကူစက်ရုံနှင့်အုတ်စက်ရုံစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၈ရက် နံနက် ၉နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံ တစ်နေ့တန် ၂၀ကျ ကတ်ထူစက္ကူစက်ရုံသို့ ရောက်ရှိပြီး စက္ကူပုံဖော်စက်၊ ရေညှစ်စက်၊ အခြောက်ခံစက်၊ စက္ကူလိပ်စက်များ၏ စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်မှုနှင့် စက်များ၏ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

လျာထားချက်ပြည့်မီ

ယင်းနောက် စက်ရုံမှ ထုတ်လုပ်ထားသော ကတ်ထူစက္ကူလိပ်များ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် စက်ရုံမှ ထုတ်လုပ် ပြသထားသော ကတ်ထူစက္ကူ GSM125 မှ GSM350 ထိ အထူအပါး အရွယ်အစား အမျိုးမျိုး၏ အရည်အသွေး ကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ (**အပေါ်ပုံ**) ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်၊ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း တစ်နေ့အုတ်ချပ်ရေ ၁၅၀၀၀၀ကျ နေပြည်တော် အုတ်စက်ရုံ စီမံကိန်း(ပန်းတင်)သို့ ရောက်ရှိပြီး ပင်မစက်ရုံအတွင်း အုတ်ထုတ်လုပ်စက်များ၏ ဝန်မဲ့စမ်းသပ် လည်ပတ်နေမှု၊ ဥမင်မီးဖိုများ တည်ဆောက်မှုနှင့် မီးခံအုတ်စီခြင်းလုပ်ငန်းများနှင့် အုတ်တင်လှည်းများ၊ မီးခံအုတ်စီခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း တစ်နေ့ အုတ်ချပ်ရေ ၁၅၀၀၀၀ကျ နေပြည်တော် အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)သို့ ရောက်ရှိပြီး စက်များ၏ စမ်းသပ်လည်ပတ်မှု၊ စက်ကြံ့ခိုင်မှု စစ်ဆေးဆောင်ရွက်နေမှုအခြေအနေနှင့် ဥမင်မီးဖိုအတွင်း၌ အုတ်တင်လှည်းများ အပူချိန်ခံနိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အုတ်စက်ရုံစီမံကိန်းများ ပြီးစီးပါက နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သည့် အရည်အသွေးကောင်းမွန်သော အုတ်များ တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း ၅၀စီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများ ဖားကန့်မြို့နယ်၌ဖွင့်

ဖားကန့် စက်တင်ဘာ ၁၈

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြို့နယ်အတွင်းရှိ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများကို စက်တင်ဘာ ၅ရက်မှစ၍ ပို့ချလျက်ရှိရာ စက်တင်ဘာ ၁၆ရက်အထိ မြို့ပေါ် (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄)အုပ်စုရှိ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်ပေါင်း ၂၄၄၀အား သင်တန်းပို့ချပေးခဲ့သည်။

ရှင်းလင်းပြောကြား

အဆိုပါသင်တန်းများတွင် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးအုန်းသန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖားကန့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးမော်ဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်မိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်ဝင်း၊ ဒေါက်တာကျော်ထွန်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထိုက်လင်းတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း နိုင်ငံတကာ ဖောင်ပိတ်သတင်း

ဝင့်မာသွင် - ရေးသားသည်

ဖာနာပီတိုင်ဖုန်း မုန်တိုင်း တရုတ်(တိုင်ပေ)သို့ ဝင်ရောက်ဖွယ်ရှိ

ပေကျင်း စက်တင်ဘာ ၁၈

ဖာနာပီအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် တရုတ်(တိုင်ပေ) အရှေ့ဘက်ကမ်းရိုးတန်းသို့ စက်တင်ဘာ ၁၉ရက်တွင် ဝင်ရောက်နိုင်ကြောင်း တရုတ်အမျိုးသားပတ်ဝန်းကျင် ခန့်မှန်းရေးဌာနက စက်တင်ဘာ ၁၈ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ဦးတည်ရိုက်ခတ်

ယင်းတိုင်ဖုန်းမုန်တိုင်းသည် ယခုနှစ်အတွင်း ၁၁ကြိမ်မြောက် ဝင်ရောက်လာသော မုန်တိုင်းဖြစ်ပြီး တရုတ်(တိုင်ပေ) ဟူလိန်ဒေသနှင့် ကီလိုမီတာ ၇၀၀ အကွာတွင် တိုက်ခတ်လျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် ဟူလိန်ကမ်းခြေသို့ ဦးတည်ရိုက်ခတ်လျက်ရှိကြောင်း၊ သတိပေးချက်များ ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၁၉ရက်တွင် တရုတ်အရှေ့တောင်ပိုင်းပင်လယ်၌ ၄မီတာမှ ၆မီတာအကြားရှိသော လှိုင်းလုံးကြီးများဖြစ်ပေါ်လာနိုင်ကြောင်း၊ တရုတ်(တိုင်ပေ) ရေလက်ကြား၌ လှိုင်းလုံးကြီးများ ၃မီတာမှ ၄မီတာအထိ မြင့်တက်လာနိုင်ကြောင်း သတိပေးချက်တွင် ဖော်ပြထားသည်။

(အင်တာနက်)



❖ ရှေ့ဖုံးမှ

ထိုဖုန်းရုံလေးမှပင် တာဝန်ကျသူအား ပြည်နယ်ဆက်သွယ်ရေးရုံး ဖုန်းနံပါတ်ကို တောင်း၍ ချိတ်ဆက်ကြည့်သည်။ ပြည်နယ်မန်နေဂျာ ဦးမျိုးသန်းနှင့် တိုက်ရိုက်ဆက်သွယ်မှုရခဲ့သည်။ ပြည်နယ်မန်နေဂျာ၏ လိုလိုလားလား ဖိတ်ခေါ်မှုကြောင့် စာရေးသူတို့ သတင်းအဖွဲ့သည် ဆက်သွယ်ရေးရုံးသို့ သုံးဘီးဆိုင်ကယ်လေးဖြင့် သွားရောက်ခဲ့ကြသည်။

ရုံးမရောက်မီ ဟိုးအဝေးကပင် မြင်တွေ့နေရသော မြင့်မြင့်မားမား တာဝါတိုင်ကြီးက ရုံးရှိရာသို့ ညွှန်ပြနေသယောင်။ ပြည်နယ်ဆက်သွယ်ရေးရုံးလေးမှာ လှပသော တစ်ထပ်တိုက် အဆောက်အအုံလေးပင် ဖြစ်သည်။

ပြည်နယ်မန်နေဂျာ ဦးမျိုးသန်းက အပြုံးနှင့်ဆီးကြိုရင်း "မြန်မာ့အလင်းသတင်းအဖွဲ့ ကယားပြည်နယ်ကို လာမယ်လို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက အကြောင်းကြားထားပါတယ်။ ကိုင်း-ဘာများ ကူညီရမလဲ" ဆိုသည့်အတွက် သိလိုသမျှ မေးဖြစ်ခဲ့သည်။

ကြုံတွေ့ခဲ့ရ

ကယားပြည်နယ်အနေဖြင့် တစ်ခေတ်တစ်ခါက ဆက်သွယ်ရေးလမ်းကြောင်းများ မကောင်းခဲ့ပေ။ အများအားဖြင့် ခေတ်ဟောင်း လက်လှည့်ဖုန်းများဖြင့်သာ အသုံးပြုခဲ့ရသည်။ ခေါ်ဆိုမှု များစွာခက်ခဲသည့်အပြင် ရပါကလည်း ပြော၍မှမဆုံးမီ လိုင်းကျမှုနှင့် ခဏခဏကြုံတွေ့ခဲ့ရသည်။

ဖွင့်လှစ်ပေးနိုင်

ပြည်နယ်အတွင်း ၁၉၈၈ခုနှစ်အထိ စာတိုက်စခန်းရှစ်ရုံး၊ ကြေးနန်းရုံး သုံးရုံးသာရှိခဲ့ရာမှ ယနေ့ နိုင်ငံတော်အစိုးရ၏ ပြည်နယ်နှင့်တိုင်း၊ မြို့ပြနှင့်ကျေးလက်ကွာခြားမှု ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းစေရန် ဆောင်ရွက်ပေးမှုစေတနာတို့ကြောင့် ယခုအခါ စာတိုက်စခန်း ၁၄ရုံး၊ ကြေးနန်းရုံး ၁၁ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဆက်သွယ်ရေး မန်နေဂျာ ဦးမျိုးသန်းက ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍတိုးတက်မှုကို ရှင်းပြနေသည်။

လိုက်လံပြသ

ပြည်နယ်မန်နေဂျာက အဆောက်အအုံအပေါ်ထပ်၌ တပ်ဆင်ထားသော ဆက်သွယ်ရေး အထိုင်စက်များကို လိုက်လံပြသရင်း ရှင်းပြခဲ့သည်။

ရှင်းပြ

"ဖုန်းဆက်သွယ်မှုအနေနဲ့ လွိုင်ကော်မြို့နယ်အတွက် TMX. 10 အိတ်ချိန်းစက်ကို ၁၉၈၆ ခုနှစ် ဩဂုတ် ၂ရက်မှာ တပ်ဆင်အသုံးပြုခဲ့ပါတယ်။ လိုင်းအင်အား ၆၅၀နဲ့ စတင်ပြီး အဝေးဆက်သွယ်မှု Carrier System နဲ့ အသုံးပြုခဲ့တာပါ။ ၁၉၉၇ ခုနှစ် ဧပြီလမှာ ဂျပန်နိုင်ငံထုတ် N.E.C အမျိုးအစား ထပ်မံတပ်ဆင်လာနိုင်တဲ့အတွက် လွိုင်ကော်-မန္တလေးဒစ်ဂျစ်တယ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ပွင့်လာခဲ့ပါတယ်။ နောက် လွိုင်ကော်-ဒီမော့ဆိုဒစ်ဂျစ်တယ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းပါ တိုးချဲ့လာနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၉ ခုနှစ် ဩဂုတ်လမှာပဲ System Upgrade ပြုလုပ်လာနိုင်ခဲ့တာမို့ လက်ရှိ လိုင်းအင်အား ၁၈၈၀ အထိရှိလာခဲ့ပါပြီ"ဟု စက်များကို ညွှန်းဆိုရင်း ရှင်းပြရာ မရင်းနှီးသော ဌာနအခေါ်အဝေါ် စကားလုံးများကြား စာရေးသူ မျက်စိလည်ခဲ့ရသည်။

မှတ်တမ်းတင်

ထို့အပြင် ဒီမော့ဆိုမြို့နယ်တွင်လည်း လိုင်း ၅၀၀ပါKY 1000 xM အိတ်ချိန်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်အသုံးပြုနိုင်ခဲ့သည်။ အဝေးဆက်သွယ်မှုအတွက် ဒီမော့ဆို၊ လွိုင်ကော် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းမှတစ်ဆင့် လွိုင်ကော်မြို့ အော်တိုအိတ်ချိန်းရုံးသို့ ချိတ်ဆက်ထားနိုင်ကြောင်း သိရသည်။

ပြည်နယ်မန်နေဂျာနှင့်အတူ လွိုင်ကော်မြို့ အော်တိုအိတ်ချိန်းရုံးသို့ လိုက်ပါခဲ့သည်။ တစ်ထပ်အုတ်တိုက် အဆောက်အအုံလေးသို့ဝင်ခဲ့ကြသည်။ မြို့နယ်ဆက်သွယ်ရေးမှ အမျိုးသမီးတစ်ဦး ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေပုံကို မှတ်တမ်းတင်ခဲ့ကြသည်။

ထိုမှ မြို့တွင်းပိုင်းဆီသို့ ခရီးဦးလှည့်ခဲ့ကြသည်။ P.C.O ဖုန်းလေးများ ရှိရာသို့ တစ်လမ်းဝင် တစ်လမ်းထွက် လိုက်လံပြသခဲ့သည်။ ဒေသအတွင်း အဖိုးနည်း ဝန်ပါဆိုသကဲ့သို့ အဖိုးနှုန်းချိုသာစွာဖြင့် ဆက်သွယ်နိုင်မှုကြောင့် ဖုန်းရုံလေးများတွင် ဆက်သွယ်ပြောဆိုနေသူတို့ မပြတ်တမ်းတွေ့ခဲ့ရသည်။ ပြည်နယ်တစ်ခုလုံးအနေဖြင့် P.C.O ဖုန်း ၄၄ နေရာ ချပေးထားကြောင်း သိရသည်။ ဖုန်းပြောပြီး၍ ပြန်ထွက်လာသော ဒေသခံတစ်ဦးအား မိတ်ဖွဲ့ရင်းမေးမြန်းကြည့်ရာ "လိုင်းအားတွေ အလွန်ကြည်တယ်၊ အနားနားကပ်ပြောနေသလို ကြားရတယ်"ဟု ရိုးရှင်းစွာဖြင့် ပြောလာသည်ကို ကြားခဲ့ရသည်။

အများသုံး P.C.O ဖုန်းရုံလေးများတွင်လည်း ဒေသခံပြည်သူများ လွယ်ကူစွာ အသုံးပြုနိုင်ပြီ ဖြစ်သည်။

ပြောင်းလဲတိုးတက်

အင်တာနက်ဆိုင်လေးတစ်ခုရှေ့ဝယ် ရပ်ရင်း "အီးမေးလ်-အင်တာနက်ဆက်သွယ်မှုအတွက် အခုလို ဆိုင်လေးတွေ ခွင့်ပြုထားပါတယ်။ ADSL စနစ်ကို ၂၀၀၇ ခုနှစ် ဇူလိုင်လက လိုင်းအင်အား ၂၄ လိုင်းနဲ့ စခဲ့တာ အခု ၄၈ လိုင်းအထိ တိုးမြှင့်လာခဲ့ပါပြီ"ဟု ဦးမျိုးသန်းက ထပ်မံရှင်းပြသည်ကို ကြားသိခဲ့ရသည်။ အင်တာနက်ဆိုင်လေးများတွင် အသုံးပြုနေသော ဒေသခံတို့အား မြင်တွေ့ခဲ့ရသည့်အတွက် ခေတ်၏ လျင်မြန် ပြောင်းလဲတိုးတက်မှု ရေစီးကြောင်း အပေါ်ဝယ် ဒေသခံတို့၏ စီးဝင်မျောပါမှုကလည်း တစ်သားတည်းပင်။

တပ်ဆင်

ဒေသတွင်းဆက်သွယ်မှု လျင်မြန်စေရေးအတွက် ဆီမီးအော်တိုအိတ်ချိန်းများကိုလည်း ဖရူဆိုမြို့နယ်တွင် လိုင်း ၅၀၀၊ ဘော်လခဲမြို့နယ်တွင် လိုင်း ၅၀၀၊ ဖားဆောင်းမြို့နယ်တွင် လိုင်း ၁၅၀၊ ရှားတောမြို့နယ်တွင် လိုင်း ၁၀၀ တည်ဆောက်ပြီး ဖုန်းများစတင်တပ်ဆင်ပေးနေပြီဖြစ်သည်။ ထို့အပြင် အဆိုပါ အိတ်ချိန်းများမှ အဝေးဆက်သွယ်မှုများ MPT Satellite Terminal ဖုန်းလိုင်းရှစ်လိုင်းကိုလည်း ချိတ်ဆက်ထားပြီးဖြစ်သည်။ ပြည်နယ်တစ်ဝန်းလုံးအနေဖြင့် ၃၂လုံး တပ်ဆင်ထားပြီးကြောင်း သိရသည်။

အကောင်အထည်ဖော်

မိုဘိုင်းလ်ဆက်သွယ်ရေးကို လွိုင်ကော်မြို့တွင် မြို့တွင်းလိုင်း ၁၈၀၀ပါ GSM ရေဒီယိုစခန်းတစ်ခုကို ၇-၂-၂၀၀၈ရက်တွင် တည်ဆောက်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုများပေးနေသည်။ အထူးစီမံကိန်းတစ်ရပ်အနေဖြင့် CDMA 450 MHz စနစ်ကိုလည်း မကြာမီအချိန်အတွင်း အကောင်အထည်ဖော်တော့မည် ဖြစ်သည်။

တွေ့မြင်

ယနေ့ခေတ်သည်IT ခေတ်ဖြစ်သည်။ ဆက်သွယ်မှုနည်းပညာများ အရှိန်အဟုန်နှင့်အမျှ တိုးတက် ပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုအဟုန်ဝယ် မြန်မာနိုင်ငံသည်လည်း နောက်ကျမကျန်ခဲ့။ ထက်ကြပ်မကွာ လိုက်ပါနိုင်ခဲ့သည်။ ပြယုဂ်အားဖြင့် နိုင်ငံတော်၏ အစွန်ဖြစ်သော ကယားပြည်နယ်၏ ဒေသများသည်ပင်လျှင် ပြည်တွင်း ဆက်သွယ်မှု ချောမွေ့သည်သာမက ကမ္ဘာ့အဝန်းသို့ပင် ပြောဆိုဆက်သွယ်လာနိုင်မှုတို့က သာဓကအဖြစ် အထင်းသား တွေ့မြင်နေရပြီ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ယနေ့ခေတ်သည် IT ခေတ်ဖြစ်သည်။ ဆက်သွယ်မှုနည်းပညာများ အရှိန်အဟုန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုအဟုန်ဝယ် မြန်မာနိုင်ငံသည်လည်း နောက်ကျမကျန်ခဲ့။ ထက်ကြပ်မကွာ လိုက်ပါနိုင်ခဲ့သည်။ ပြယုဂ်အားဖြင့် နိုင်ငံတော်၏ အစွန်ဖြစ်သော ကယားပြည်နယ်၏ဒေသများသည်ပင်လျှင် ပြည်တွင်းဆက်သွယ်မှု ချောမွေ့သည်သာမက ကမ္ဘာ့အဝန်းသို့ပင် ပြောဆိုဆက်သွယ်လာနိုင်မှုတို့က သာဓကအဖြစ် အထင်းသား တွေ့မြင်နေရပြီဖြစ်။

ဒီမော့ဆိုမြို့နယ်ရှိ မြို့နယ်ဆက်သွယ်ရေးစခန်းအဆောက်အအုံ။

ရန်ကုန်ပရိဘောဂပစ္စည်းများပြပွဲတွင် ဆွီတီးလိုက်ဖ်ကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ Yangon Lifestyle Furniture Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ၁၆ရက်မှ ၁၉ရက် အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အဆိုပါ ပြပွဲတွင် Sweety Life Co., Ltd. က West Furniture, Chinese Furniture, Door, Flooring နှင့် Interior Life Style အမျိုးမျိုးကို ခင်းကျင်းပြသထားပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ရောင်းချ

Sweety Life Co., Ltd.သည် ပြည်တွင်းတွင် Furniture၊ အိမ်တွင်းအလှဆင် Interior ပစ္စည်းများကို နိုင်ငံခြားနည်းပညာ၊ နိုင်ငံခြားပညာရှင်များနှင့် ကိုယ်ပိုင်စက်ရုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပြီး နိုင်ငံခြားမှ Interior ပစ္စည်းများကိုလည်း ပြည်တွင်းသို့ တိုက်ရိုက်တင်သွင်းရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

အော်ဒါမှာယူလိုသည့် Furniture များအပေါ်တွင် သုံးစွဲသူများအကြိုက်နှစ်သက်သည့် သစ်အမျိုးအစား၊ ဒီဇိုင်းများကို အထူးစီမံထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်နိုင်

ဆက်သွယ်ရန် လိပ်စာမှာ ရန်ကုန်ရုံးချုပ် အမှတ်(၂၈၈) MWEA Tower ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၄၁၀၈ နှင့် ၃၇၅၆၂၈၊ အရောင်းပြခန်း ၂၄/၁ ပြည်လမ်း ၇မိုင် မရမ်းကုန်းမြို့နယ် ဖုန်း -၀၁-၆၆၃၇၇၅၊ အမှတ်(၂၃) ဥတ္တရသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၉-၄၉၂၀၃၃၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်တင်ဘာ ၄ရက်က ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဘုရားကြီးလမ်း သစ်သားတံတားဆောက်လုပ်ပြီးစီးမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်လွင်ဌေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဂင်းနက်စ်မှတ်တမ်းဝင် သိုးငယ်အရွယ် နွားမငယ်

မောင်ဇော်ဦး ရေးသားသည်

လန်ဒန် စက်တင်ဘာ ၁၈

အင်္ဂလန်အနောက်မြောက်ပိုင်း အနောက်ဘက် ယော့ခ်ရှိုင်းယားဒေသမှ သိုးငယ်အရွယ်သာရှိသည့် နွားမတစ်ကောင်ကို ကမ္ဘာ့အသေးဆုံး နွားမအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြထားသည်။

ဒက်စ်တာနွားမျိုးဖြစ်

ထိုနွားမမှာ အနောက်ဘက်မှ ရှေ့ခြေအထိ ၃၃လက်မခန့်သာရှိပြီး အသက် ၁၁နှစ်ရှိပြီဖြစ်သည်။ ပိုင်ရှင် ကာရိုလိုင်ရိုင်ဒါက ထိုနွားမကို ပုံလွှားဟု အမည်ပေးထားသည်။

ပုံလွှားနွားမသည် အကောင်သေးသည့် ဒက်စ်တာနွားမျိုးဖြစ်သည်။ ဒက်စ်တာမျိုးထဲတွင် ရှိရင်းစွဲအရွယ်အစားထက် ပို၍သေးငယ်သည့် နွားမဖြစ်သည်။

ပုံလွှားနွားမကို ၄င်း၏ မိခင်နွားမကြီးက ဆယ်သားမြောက်အဖြစ် ဖွားလွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင် ကိုးသားမှာ ပုံမှန်အရွယ် နွားသားပေါက်လေးများသာ မွေးခဲ့ခြင်းဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်းအရ သိရသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်သည့် သုတေသနဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်လမြိုင်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းသည် စက်တင်ဘာ ၉ရက် နံနက်ပိုင်းက နယ်မြေခံတပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းခန်းမသို့ရောက်ရှိ၍ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်ချီးမြှင့်

တိုင်းမှူးသည် စက်တင်ဘာ ၁၁ရက်တွင် မော်လမြိုင်မြို့ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံးခန်းမ၌ ကျင်းပသော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီးနောက် ဆုရရှိသူများအား တံခွန်စိုက်ဆုနှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်သည့် သုတေသနဆိုင်ရာဆွေးနွေးပွဲ

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၈

သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်သည့် သုတေသနဆိုင်ရာဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

နှိုင်းယှဉ်တင်ပြ

ထို့နောက်စီမံချက်မန်နေဂျာဒေါက်တာနီနီအေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို အာရှနှင့် ပစိဖိတ်ဒေသများ၊ အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးနှင့်သက်ဆိုင်သော လုပ်ငန်းစီမံချက်များကို တင်ပြသည်။

ယင်းနောက်တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်တင်ပြကြပြီး ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ပိုးလောက်လမ်းနှိမ်နင်းရေးဆိုင်ရာ လက်တွေ့သရုပ်ပြသနေမှုကို ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

အလိုမှာ စာမှာရှိ

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း မော်လမြိုင်ကျွန်းမြို့နယ်၌ဖွင့်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း **(အောက်ဝဲပုံ)**က မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးရဲထွန်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်က မဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် ပြင်ဆင်ခြင်းများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးမြင့်ဆွေက စာရင်းဇယားပြုစုခြင်း၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် လက်တွေ့ဆန္ဒမဲပေးပုံများကိုလည်းကောင်း သရုပ်ပြ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မဲရုံနယ်မြေအလိုက် သင်တန်းသူ သင်တန်းသား ၈၇၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၁၄၂)

အိမ်သုံးဆေးဝါးများအကြောင်း ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် အိမ်သုံးဆေးဝါးများဆိုးကျိုးနှင့်စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက အင်းစိန် အထက(၅) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)၊ အနောက်ပိုင်း မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က ဟောပြောကြသည်။

ဟောပြော

အလားတူ ဟောပြောပွဲကို မွန်းလွဲပိုင်းတွင် အင်းစိန် အလက(၁၂) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲအုပ်မြင့်ဆွေ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (သတင်းထောက် စဉ့်ကူစိုးဝင်း) **(အောက်ပုံ)**နှင့် အနောက်ပိုင်း မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က ဟောပြောကြသည်။ (၁၁၃)

ဆန်းရှိုင်း သားရေစစ်စစ်ပစ္စည်း အရောင်းဆိုင်များတိုးချဲ့ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာ့သားရေစစ်စစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ဆန်းရှိုင်းက လက်ရာသေသပ်ကောင်းမွန်စွာ ချုပ်လုပ်၍ ဝယ်ယူအသုံးပြု လက်ဆောင်ပေးနိုင်ရန် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ **(အောက်ပုံ)**

ဝယ်ယူအသုံးပြု

မြန်မာဆန်းရှိုင်းမှကုတ်အင်္ကျီ၊ဂျာကင်အင်္ကျီ၊ ဝေ့စ်ကုတ်၊ခရီးဆောင်အိတ်၊ကျောပိုးအိတ်၊ ရုံးသုံးလက်ဆွဲအိတ်အမျိုးမျိုး၊ ဘေးလွယ်အိတ်ဆိုဒ်စုံ၊ စလင်းဘက်အမျိုးမျိုး၊ ခါးပတ်အိတ်၊ ဦးထုပ်၊ အမျိုးသား၊ အမျိုးသမီးသုံး လက်ကိုင်အိတ်အမျိုးမျိုး၊ ငွေသားထည့် ခေါက်အိတ်ဆိုဒ်စုံ၊သားရေညှပ်ဖိနပ်၊ သားရေကွင်းထိုးဖိနပ်၊ ကွန်ပျူတာ လက်(ပ)တော့ထည့်အိတ်၊ ဟန်းဖုန်းထည့်အိတ်တို့အပြင် ဆိုင်ကယ်စီးနင်းသူများအတွက် ရင်ကာနှင့် လက်အိတ် စသည်တို့ကို သိုးသားရေ၊ ချေသားရေ၊ ဆိတ်သားရေနှင့် မွေ့သားရေ စသည့် သားရေစစ်စစ်တို့ဖြင့် ချုပ်လုပ်ထားသဖြင့် ပြည်တွင်းမှ ခရီးသွားများကလည်း ပစ္စည်းမှန်/ဈေးမှန်သဖြင့် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုကြကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

မြန်မာပြည်မှာ ဆန်းရှိုင်းသားရေစစ်စစ်ပစ္စည်းများဝယ်ယူအသုံးပြု၊ လက်ဆောင်ပေးခြင်းတို့သည် စိတ်ကို ကြည်လင်လန်းဆန်းစေရုံသာမက အရည်အသွေးကိုပါ ဖွံ့ဖြိုးတိုးတက်စေသည့်အတွက် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်အောင် အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ထားရာ (၁) အမှတ် ၄၄၃ ကုန်သည်လမ်း ၄၃ လမ်းထိပ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၄၅၃နှင့် ၀၁-၃၉၈၀၈၀၊ (၂) အမှတ် ၂ အမှတ်(၁၄/A) ၁၈x၁၉ လမ်းကြား ၈၃ လမ်း မန္တလေး ဖုန်း-၀၂-၇၂၈၀၆နှင့် ၀၂-၂၂၆၃၉၊ (၃) လမ်း(၈၀) (၉)လမ်းထောင့် မန္တလေး ဖုန်း-၀၂-၂၂၆၄၀နှင့် ၀၉-၂၀၂၇၇၀၅၊ (၄) အမှတ် ၁၃၉ မြောက်ဘက်တိုက်တန်း မြေညီဈေးချို မန္တလေး ဖုန်း-၀၂-၇၂၁၈၄ နှင့် ၀၂-၂၂၁၈၅၊ (၅) အမှတ် ၁၇၃/A ၈၁လမ်း (၁၉)လမ်းထောင့် မန္တလေး ဖုန်း-၀၂-၇၁၀၀၆နှင့် ၀၉-၆၅၀၄၆၄၀၊ (၆) အမှတ် ၅၆ (၂၆)လမ်း (၈၈)လမ်းထောင့် မန္တလေး ဖုန်း-၀၂-၃၅၆၅၃၊ (၇) (၂၃×၂၄)လမ်းကြားနှင့် (၈၈×၈၉)လမ်းကြား အခန်း(၁၀) ၄ဝါဆောင် အဆင့်မြင့် သီရိမာလာတိုက်တန်း မန္တလေးနှင့် (၈) မြို့မ ရပ်ရှင်ရုံရှေ့ ပြင်ဦးလွင်မြို့ ဖုန်း-၀၈၅-၂၂၈၂၇နှင့် ၀၉-၅၁-၁၄၈၃၃တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၄၄မှု တရားခံ ၃၆၁ ဦး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၁၀ခုနှစ် ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၄မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၃မှု (အလေးချိန် ၅၂ဒသမ ၅၉၉၈ ကီလိုဂရမ်)၊ ဘိန်းဖြူ ၅၄မှု (အလေးချိန် ၀ဒသမ ၁၅၉၆၆ကီလိုဂရမ်)၊ ဘိန်းဆီခဲကိုးမှု (အလေးချိန် ၀ဒသမ ၆၁၀၃ကီလိုဂရမ်)၊အဆင့်နိမ့်ဘိန်း ၁၅မှု (အလေးချိန် ၂၀ဒသမ ၂၅၇၃ကီလိုဂရမ်)၊ ဆေးခြောက် ၁၅မှု (အလေးချိန် ၇ဒသမ ၆၅၁၈ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၂မှု (၈၁၆၃၄ဒသမ ၅ ပြား)၊ ဘိန်းစာမှုန့် ၁၅မှု (၁၉ဒသမ ၄၁၀၉ကီလိုဂရမ်)၊ ဘိန်းစာရည် တစ်မှု (အလေးချိန် ၀ဒသမ ၃လစ်တာ)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၁ဒသမ ၂၄ကီလိုဂရမ်)၊ ချောင်းဆိုးပျောက်ဆေးရည် နှစ်မှု (အလေးချိန် ၃ ဒသမ ၅၀လစ်တာ)၊ အိုက်(စ်) (အလေးချိန် ၀ဒသမ ၀၀၁၃ကီလိုဂရမ်)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၀ ဒသမ ၁၄၇၆၃ လစ်တာ)၊ ဒိုင်ယာဇီပမ် ထိုးဆေး တစ်မှု (လေးပုလင်း)၊ မော်ဖင်း ထိုးဆေး တစ်မှု(ငါးပုလင်း)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု နှစ်မှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၄၄မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၉၆ဦးနှင့် တရားခံ မ ၆၅ဦး စုစုပေါင်း ၃၆၁ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မဲထီးလမ်းနှင့် ပြည်တော်သာလမ်းကြား ချာညိုလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၆ရက်က အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(မြန်မာ့အလင်း)

အမှာစကားပြော

ဆက်လက်၍ ကမ္ဘာ့မြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Sanguan Kosavinta ၊ အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး Mag. Bahardutin Jamail တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။

လေ့ကျင်ပြင်ဆင်ထား

(၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ထိပ်သီး မြားပစ်နိုင်ငံဖြစ်သည့် အိန္ဒိယအသင်း အပါအဝင် အိမ်ရှင်မြန်မာ ၊ ထိုင်း၊ လာအိုနှင့် မွန်ဂိုလီးယားအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် အောင်မြင်မှုများ ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၉ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြားပစ်အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❐ *ကျော်ဖုံးမှ*

သတင်းထောက် ။ ။ **ကလပ်အသင်း အပြောင်းအရွှေ့ကိုလည်း သိချင်ပါတယ်။**

အီဂွါဒို ။ ။ ပေါ်တိုလူငယ်အသင်းကနေပြီး စပို့တင်း လစ္စဘွန်းအသင်းကို ပြောင်းရွှေ့ကစားတယ်။ အဲဒီအသင်းကနေပြီး အခု ဘီရီရာမာအသင်းကို အငှားစာချုပ်နဲ့ လာရောက်ကစားနေတာပါ။

သတင်းထောက် ။ ။ **အခု အသက်ဘယ်လောက်ရှိပြီလဲ။**

အီဂွါဒို ။ ။ အသက် ၂၀ ပါ။

သတင်းထောက် ။ ။ **မိခင်အသင်း စပို့တင်းလစ္စဘွန်းက အသင်းပြောင်းခွင့်ပြုပါ့မလား။**

အီဂွါဒို ။ ။ ခွင့်ပြုမယ်လို့ ကျွန်တော့်ကို ပြောထားပြီးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မန်ယူအသင်းကို လိုလိုလားလားနဲ့ သွားရောက်ကစားချင်တယ်လို့လည်း အသင်းတာဝန်ရှိသူတွေကို ပြောပြထားပါတယ်။

သတင်းထောက် ။ ။ **မန်ယူကို ဘာဖြစ်လို့ ပြောင်းရွှေ့ကစားလိုတဲ့ ဆန္ဒဖြစ်ရတာလဲ။**

အီဂွါဒို ။ ။ ဒါကတော့ ရှင်းပါတယ်။ မန်ယူဟာ တကယ့်ထိပ်တန်းကလပ် အသင်းကြီး ဖြစ်ပါတယ်။ အဲဒီလိုအသင်းမှာ ကစားခွင့်ရဖို့ဆိုတာ ကျွန်တော့်အိပ်မက်ပါ။ ငယ်စဉ်ကတည်းက မျှော်လင့်ခဲ့ရတဲ့ ဆန္ဒဖြစ်ပါတယ်။

သတင်းထောက် ။ ။ **လူငယ်မျက်နှာသစ် တိုက်စစ်မှူး တစ်ဦးအတွက် မန်ယူမှာနေရာရဖို့ လွယ်ပါ့မလား။**

အီဂွါဒို ။ ။ ကျွန်တော်က ပြိုင်ဆိုင်မှုကို သဘောအကျဆုံးပါ။ ကျွန်တော်နဲ့ ရွယ်တူတွေ မန်ယူမှာရှိနေတာ ကျွန်တော်သိထားပါတယ်၊ ကျွန်တော့်ရဲ့ ကြိုးစားမှုနဲ့ ခြေစွမ်းပြနိုင်မှုက အဓိကပါပဲ။

သတင်းထောက် ။ ။ **မန်ယူမှာ စပို့တင်းအသင်းက ပြောင်းရွှေ့လာတဲ့ စီရိုနယ်ဒို ကစားခဲ့ဖူးသလို အခုလက်ရှိမှာ နာနီလည်းရှိနေတယ်။ သူတို့နဲ့ ပတ်သက်ပြီး ခံစားမှုကို ပြောပါဦး။**

အီဂွါဒို ။ ။ တကယ့်ထူးချွန်တဲ့သူတွေ ဖြစ်ပါတယ်။ သူတို့တွေကြောင့်လည်း မန်ယူကို ပြောင်းရွှေ့ ကစားလိုတဲ့ အချက်တစ်ချက်ပါဝင်တယ်။ စပို့တင်း လစ္စဘွန်းက ပြောင်းရွှေ့ကစားတဲ့ ဘောလုံးသမားတွေအတွက် မန်ယူဟာ အောင်မြေပါပဲ။

သတင်းထောက် ။ ။ **ဖာဂူဆန်ကို ဘယ်လိုသဘောထားပါသလဲ။**

အီဂွါဒို ။ ။ နည်းပြအရည်အချင်းပြည့်ဝပြီး လူငယ်တွေကို မြေတောင်မြှောက်ပေးတဲ့နေရာမှာ အထူးချွန်ဆုံး နည်းပြတစ်ဦးလို့ မြင်ပါတယ်။

သတင်းထောက် ။ ။ **ဒါဆို…မန်ယူကို ပြောင်းရွှေ့ဖို့ ပြင်ဆင်နေပြီလား။**

အီဂွါဒို ။ ။ ကျွန်တော်က အသင့်ဖြစ်နေပါပြီ….ဟု ပြောကြားသွားပါကြောင်း။ ။ **(အင်တာနက်)**

Yangon Lifestyle Furniture Fair 2010 ၌ CLASSIC HOME CO., LTD. ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ Yangon Lifestyle Furniture Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Classic Home Co., Ltd. ၏ Art of Living Show Room ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် သဘာဝကြိမ်ထည် ပရိဘောဂများနှင့် Synthetic Rattan ပရိဘောဂများကို ခင်းကျင်းပြသထားသည်။ Classic Home Co., Ltd. သည် Synthetic Rattan နှင့် သဘာဝကြိမ် ပရိဘောဂများကို နိုင်ငံတကာသို့ တင်ပို့လျက်ရှိပြီး ပြည်တွင်းဈေးကွက်တွင် နေအိမ်များ၊ ရုံးခန်းများ၊ ဟိုတယ်များ၊ Cafe ဆိုင်များတွင် အသုံးပြုသော ခေတ်မီဒီဇိုင်းများဖြစ်သည့် ပရိဘောဂမျိုးစုံ ကို ကိုယ်ပိုင်စက်ရုံဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

အထူးသဖြင့် Synthetic Rattan ကို Poly Ethalyne ကော်စေ့ဖြင့် ကိုယ်တိုင်နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပြီး ကိုယ်ပိုင်ဒီဇိုင်းများ၊ Tailer Made Design အမျိုးမျိုးတို့ကို ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ဟိုတယ်များ၊ ဆိုင်များအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးသည်။ Art of Living အရောင်းပြခန်းကို အမှတ် ၁၉၈ လမ်း ၅၀ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၉၃၁၄၁ တွင် ဖွင့်လှစ်ထားပြီး အရည်အသွေးနှင့် ဒီဇိုင်းဈေးနှုန်းတို့ကို ဝယ်ယူသူစိတ်တိုင်းကျ ထုတ်လုပ်ရောင်းချ ပေးလျက်ရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ပန်းမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စက်တင်ဘာ ၅ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဦးစိုးဝင်း တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တော်သလင်းမိုး

၁၈-၉-၂၀၁၀

မင်းတပ်မြို့	၄ ဒသမ ၂၉ လက်မ
သာယာဝတီမြို့	၃ ဒသမ ၁၁ လက်မ
ညောင်တုန်းမြို့	၃ ဒသမ ၀၅ လက်မ
ဟသ်ာတမြို့	၂ ဒသမ ၉၂ လက်မ
တောင်တွင်းကြီးမြို့	၂ ဒသမ ၅၆ လက်မ
ရွှေကူမြို့	၂ ဒသမ ၃၂ လက်မ

မန်ယူ-လီဗာပူး၊ ချယ်လ်ဆီး-ဘလက်ပူးလ် ဆက်လက်အားပြိုင်မယ့် ပရီမီယာလိဂ်ပွဲစဉ် (၅)

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် စက်တင်ဘာ ၁၈

ပရီမီယာလိဂ်ပွဲစဉ် (၅) လက်ကျန်ပွဲအဖြစ် စက်တင်ဘာ ၁၉ ရက် **(ယနေ့ည)** မှာ အဓိကပြိုင်ပွဲကြီးတွေ ကစားဖို့ရှိပါတယ်။ စက်တင်ဘာ ၁၉ရက်ည ပြိုင်ပွဲဟာ ဘောလုံးပရိသတ်တွေ အကြိုက်တွေ့စေမယ့် အဓိကပြိုင်ပွဲကြီးတွေ ဖြစ်ပါတယ်။

အဓိကပြိုင်ပွဲကြီးအဖြစ် မန်ယူနဲ့လီဗာပူးကစားမှာ ဖြစ်ပါတယ်။ မန်ယူက အိမ်ရှင်အဖြစ် ကစားရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က မန်ယူဟာ အဲဗာတန်နဲ့ကစားရာ ပွဲပြီးခါနီးမှ နှစ်ဂိုးပြန်သွင်းခံရလို့ တစ်ဖက်သုံးဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။ ဒီနေ့ ကစားမယ့် ပြိုင်ပွဲမှာတော့ မန်ယူက လီဗာပူးကို အနည်းဆုံးနှစ်ဂိုးလောက် သွင်းယူမယ့် အနေအထားရှိပါတယ်။

မန်ယူတိုက်စစ်မှူးရွှန်နေ (ယာ)၏ ထိုးဖောက်ကစားဟန်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် ကစားသမားအပြောင်းအလဲလုပ်ခဲ့ပေမယ့် အောင်မြင်မှုအနေအထား မရသေးပါဘူး။ ဒါပေမယ့် စက်တင်ဘာ ၁၇ရက်က ကစားခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ စရူအာဘူခါရက်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ဘာမင်ဂမ်နဲ့ ကစားရာမှာတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ လီဗာပူးတို့ နိုင်ပွဲတွေ လိုအပ်နေပါတယ်။ လီဗာပူးအသင်းကလည်း ချန်ပီယံလိဂ် ဝင်ခွင့်မရခဲ့ပေမယ့် ထိပ်သီးအသင်းကြီးအဖြစ် တောင့်တင်းနေဆဲ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် မန်ယူက လီဗာပူးကို အနိုင်ကစားမယ်ဆိုရင်တောင်မှ မန်ယူတိုက်စစ်မှူးတွေဟာ ခက်ခက်ခဲခဲ လီဗာပူးနောက်တန်းကို ထိုးဖောက်ပြီးမှ အနိုင်ရနိုင်ပါလိမ့်မယ်။ ဒါတောင် ဂိုးပြတ်တော့ အနိုင်ရဖွယ်မရှိပါဘူး။

ချယ်လ်ဆီး-ဘလက်ပူးလ်

လက်ရှိချန်ပီယံ ချယ်လ်ဆီးကတော့ လေးပွဲဆက်တိုက် အနိုင်ရထားတဲ့ အသင်းပါ။ ယခုလည်း ဘလက်ပူးလ်အသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားရမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းမှာ ဂျိုကိုးလ်၊ကာဗယ်ဟိုနဲ့ဘောလက်တို့ မရှိခဲ့ပေမယ့် တောင့်တင်းခိုင်မာတဲ့အသင်းအဖြစ် ဆက်လက်ရပ်တည်နေဆဲ ဖြစ်ပါတယ်။ လမ်းပတ်၊ တယ်ရီ၊ ဒရော့ဘာ၊ အက်ဆီယံစတဲ့ ကစားသမားတွေဟာ ချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုကို ဆက်ထိန်းဖို့ ဆက်လက်ကြိုးစားနေပါတယ်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံ ဂိုးသွင်းအောင်ပွဲခံနေစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဒါပေမယ့် ဘလက်ပူးလ်အသင်းကလည်း လျှော့တွက်လို့တော့ မဖြစ်ပါဘူး။ ဒီနှစ်လေးပွဲကစားရာမှာ နှစ်ပွဲနိုင်ထားပြီး တစ်ပွဲသရေ ရထားတဲ့အသင်းပါ။ ဒီရလဒ်ကို ကြည့်ခြင်းအားဖြင့် ဘလက်ပူးလ်အသင်းဟာ သာမန်အသင်းလို့ ပြောလို့မရပါဘူး။ အသင်းကြီးတွေကို ကောင်းကောင်းဒုက္ခပေးနိုင်ပါတယ်။ ချယ်လ်ဆီး အနေနဲ့ အနိုင်ကစားနိုင်မယ်ဆိုရင်တောင်မှ ခက်ခက်ခဲခဲ ကစားရမှာဖြစ်ပါတယ်။ အကယ်၍ နိုင်ခဲ့ရင်တောင်မှ ပွတ်ကာသီကာ အနိုင်ရမယ်လို့ ခန့်မှန်းရပါတယ်။

ဝီဂန်-မန်စီးတီး

ပရီမီယာလိဂ်ပြိုင်ပွဲမစတင်မီက မန်စီးတီးအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ထိပ်သီးအသင်းတစ်သင်းဖြစ်လာမယ်လို့ ဘောလုံးလောကသားများက ခန့်မှန်းထားခဲ့ကြပါတယ်။ ဒါပေမယ့် တကယ်ကစားတဲ့အခါ ထင်သလိုဖြစ်မလာသေးပါဘူး။ လက်ရှိအနေအထားအရ မန်စီးတီးတို့ တစ်ပွဲသာ အနိုင်ရထားပါတယ်။ စက်တင်ဘာ ၁၉ရက်မှာတော့ မန်စီးတီးအသင်းဟာ ဝီဂန်အသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဝီဂန်အသင်းက အိမ်ရှင်ကစားရမှာဖြစ်လို့ ပရိသတ်အားပေးမှု ပိုကောင်းမှာ ဖြစ်ပါတယ်။

အနိုင်နဲ့သရေပွဲ

မန်စီးတီးရဲ့လက်ရှိခြေစွမ်းနဲ့ ကစားမယ်ဆိုရင် ဝီဂန်အသင်းကို အနိုင်ရဖို့ သိပ်မလွယ်လှပါဘူး။ ဝီဂန်အသင်းကလည်း ဒီနှစ်လေးပွဲကစားရာမှာ တစ်ပွဲအနိုင်ရထားတဲ့ အသင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲဟာ မန်စီးတီးရဲ့ အနိုင်နဲ့သရေပွဲ ဖြစ်လာမယ်လို့ ခန့်မှန်းရပါတယ်။ ။

ကိုးကား - အင်တာနက်

ပြည်ကြီးတံခွန်ဈေးသစ် တည်ဆောက်ပြီးစီးမှု

မန္တလေး မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး စက်တင်ဘာ ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် စက်တင်ဘာ ၃ရက် နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် (စ)ဈေးသစ် တည်ဆောက်ပြီးစီးမှုနှင့် ဈေးရောင်းဝယ်မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့အား ဈေးနှင့်သားသတ်ဌာန ဌာနမှူးနှင့် ဌာနခွဲမှူးတို့က (စ)ဈေးသစ်တည်ဆောက်ပြီးစီးမှု၊ လျှပ်စစ်မီတာ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဈေးရောင်းဝယ်မှုအခြေအနေ၊ ဈေးအတွင်း ကတ္တရာလမ်းခင်းရေး စီစဉ်ဆောင်ရွက်ထားမှုနှင့် ဈေးဆိုင်ခန်းများ နေရာချထားဆောင်ရွက်ပေးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ထို့နောက် မြို့တော်ဝန်က ပြည်ကြီးတံခွန်မြို့နယ်တွင် (ဈ)ဈေး (စက်မှုဈေး) အပြင် သင်ပန်းကုန်းရပ်ကွက်နှင့် ရတနာပုံကွက်သစ်တို့တွင် လူနေထူထပ်လာသဖြင့် (စ)ဈေးသစ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ဈေးအတွင်းလမ်း/အပြင်လမ်းများ ကောင်းမွန်ရေးအတွက် လမ်းတံတားဌာနနှင့် ဈေးနှင့်သားသတ်ဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် (စ)ဈေးအတွင်း/အပြင် ဈေးရောင်းဝယ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးသူ/ဈေးသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(၃၁၃)**

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းဆုံ လမ်းလယ်ကျွန်းတွင် ကျောက်သားရေတံခွန်နှင့် မြေယာရှုခင်း အလှဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၁၀ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသန်းဇော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က လုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့ အနောက်အုံ-ကျောက်ပြင်ကန် ကျေးလက်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ

တောင်ကြီး အထက(၅)၌ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၈

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၉နာရီက တောင်ကြီးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ကြီးမူးယစ်(အထူး)အဖွဲ့ ကြီးကြပ်အရာရှိ ဒုတိယရဲမှူး ရဲနိုင်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ဝင်းက အမှာစကားပြောကြားပြီး တောင်ကြီးမူးယစ်(အထူး)အဖွဲ့ ကြီးကြပ်အရာရှိ ဒုတိယရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးအလွဲသုံးစားမှု အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောကြသည်။ **(အောက်ပုံ)**

ကျင်းပ

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို တောင်ကြီးမြို့ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)နှင့် အထက(၆)တို့တွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။ **(၁၈၉)**

သရက်အသင်း (ရန်ကုန်) စုပေါင်းအလှူ

ရန်ကုန် စက်တင်ဘာ ၁၈

သရက်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့ကဦးစီး၍ ရန်ကုန်ရောက် သရက်မြို့နယ်သူ မြို့နယ်သားများ စုပေါင်း၍ (၅)ကြိမ်မြောက် စုပေါင်းအလှူကို စက်တင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့ ခ/၁၀ လမ်းနှင့်ဘုရင့်နောင်လမ်းထောင့်ရှိ မြို့သစ်မွှေ့ရုံကျောင်း၌ကျင်းပမည်ဖြစ်ရာ သရက်မြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သွင် (ငြိမ်း)ဖုန်း-၀၉-၈၆၄၅၂၄၉၊ ဦးလှဝမ်း ဖုန်း-၆၄၁၆၈၃၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးခင်မောင်လွင် ဖုန်း-၃၈၉၄၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စက်တင်ဘာ ၁၆ရက်က တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်အနီး တာချီလိတ်- မိုင်းဆတ်လမ်းမပေါ်၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက စက်ယန္တရားများဖြင့် လမ်းရှင်းလင်းရေးလုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၁၆)

မြို့နယ် သတင်း ထွေတလာ

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့် ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်း မပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန် ကြေညာထားပြီးဖြစ်ပါသည်။

ထုတ်ပြန်

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ ပြည်ပမှတင်သွင်းသော ကျင်းထုံ ခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ၀ ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ၀ ဒသမ ၁၁၅၉ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံး ပါဝင်ရမည့်ပမာဏ ၀ ဒသမ ၀၄ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

ထပ်မံသတိပေး

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိ ပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ပမှတင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက သိမ်းဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက်(၆/၂၀၁၀)

နေပြည်တော် ၁၃၇၂ ခုနှစ် တော်သလင်းလဆန်း ၈ရက် (၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက် လုပ်ကွက်များအနက်မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလများ အတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း** ။ ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေး သွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း** ။ ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၀ခုနှစ် စက်တင်ဘာလ ၂၀ရက်မှ အောက်တိုဘာလ ၁၉ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ အာမခံစပေါ်ငွေ(Deposit)ပေးသွင်းခြင်း၊ ဒဏ်ကြေးငွေသတ်မှတ်ခြင်း၊ လုပ်ကွက်လျှောက်ထားခွင့်ပိတ်ပင်ခြင်းများကို ယခင်ကြေညာချက်များအတိုင်း သတ်မှတ်ထားရှိပါသည်။

၅။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင်အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ထင်းထင်းကျွိုင် ACCA PART1, F2, F3 LCCI LEVEL - 1,2,3
old question, i-pass, kit
Study Guide

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄A၉၂၊ မြေကွက်အမှတ် ၆၄၊ မြေကွက်တည်နေရာ အမှတ် ၃၁၊ ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေ ဒေါ်သန်းအေး အမည်ပေါက် နှစ်၆၀မြေငှား ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းအေး ကွယ်လွန်သဖြင့် ဦးတင်ဝေ ၁၂/တမန(နိုင်)၀၂၀၁၄၄ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

တိုက်ခန်းသစ်ရောင်းမည်

ဗဟိုလမ်းနှင့် အင်းစိန်လမ်းမကြား အမည်ပေါက်ပိုင်ရှင် အင်ဂျင်နီယာကိုယ်တိုင် ဆောက်လုပ်သည်။

ဖုန်း-၇၂၄၀၄၃၊ ၆၅၅၅၄၃။

စစ်မှုထမ်းဟောင်းသားသမီးများအား ညောင်ဦး၌ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ညောင်ဦး စက်တင်ဘာ ၁၇

ညောင်ဦးခရိုင်တွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းသား သမီးများအတွက် ပညာသင်ထောက်ပံ့ငွေချီးမြှင့်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက်က ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ကျပ်နှုန်းဖြင့် ၁၉ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၇ဦး၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀နှုန်းဖြင့် ၂၈ ဦး၊ တက္ကသိုလ်၊ ကောလိပ်၊ အဝေးသင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှုန်းဖြင့် ၂၃ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀နှုန်းဖြင့် ခုနစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအတွက် သီးသန့်ချီးမြှင့်ငွေကျပ် ၂၀၀၀၀တို့ကိုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၀၇၉)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ရွှေဘိုခရိုင်တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာအုပ်စုရှိ လယ်သမားကြီးဦးကျော်ဝင်း၏ လယ်မြေသုံးဧကနှင့် ဆက်စပ်ဧရိယာ ဧက ၁၇၀ အတွင်း၌ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူလယ်သမားများက ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ နှင့် တီလားဗီးယားကောင်ရေ ၃၅၀၀၀ တို့ကို ငါးမျိုး စိုက်ထည့်ပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ရှိ ဧရာဝတီမြစ်ဆိပ်အနီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်သားများက ငါးမြစ်ချင်းကောင်ရေတစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေ ငါးသောင်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက်က ကျင်းပရာကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြည်က ထူးချွန်ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရွှေပြည်သာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကော့သောင်း စက်တင်ဘာ ၁၅

ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက် ရွှေပြည်သာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ၎င်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြတ်ထွဋ်နောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေဇင်ဦး၊ ရွှေပြည်သာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မေဇင်ဦးက စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေးကျန်းမာဖွံ့ဖြိုးရေး စောင့်ရှောက်မှုလုပ်ငန်း အသိပညာပေး ဟောပြော

ပြင်ဦးလွင် စက်တင်ဘာ ၁၄

ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ဆေးရုံကြီးနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ငါးနှစ်အောက် ကလေးကျန်းမာဖွံ့ဖြိုးရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အဖွဲ့ဝင်များ၊ ခုတင်(၃၀၀)ဆံ့ဆေးရုံကြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာ ဒေါ်ဝင်းပပဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်များမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးမိဘများ တက်ရောက်ကြသည်။

ကျန်းမာရေးစစ်ဆေး

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ဝင်းပပဝင်းက ငါးနှစ်အောက်ကလေး ကျန်းမာဖွံ့ဖြိုးရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များအကြောင်း ဟောပြောသည်။

ဆက်လက်၍ ငါးနှစ်အောက် ကလေးငယ် ၅၇ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၃၉ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ဘလူမြို့မဈေးအတွင်းရှိ ဆိုင်ခန်းများ လျှပ်စစ်မီးသုံးစွဲမှုနှင့် သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများစစ်ဆေးခြင်းကို ဩဂုတ်၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချည်မျှင်ရှည်ဝါ ငွေချည်(၆)စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းရေး ကွင်းဆင်းဆောင်ရွက်

ဒီပဲယင်း စက်တင်ဘာ ၁၃

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး စိုးမြင့် ခေါင်းဆောင်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးကျော်သန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမန်နေဂျာ ဦးကျော်မြင့်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်လင်းတို့သည် ဩဂုတ် ၅ ရက်က တောတန်းကျေးရွာ၊ လျှော်ဖြူကျေးရွာနှင့် နဂါးဘိုကျေးရွာများသို့ သွားရောက်ပြီး ချည်မျှင်ရှည်ဝါ ငွေချည်(၆) စိုက်ပျိုးတောင်သူများနှင့်တွေ့ဆုံ၍ ဝါအောင်မြင်ဖြစ်ထွန်းရေး အသိပညာပေး ဟောပြောခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဖာဂူဆန်သဘောကျနေတဲ့ ပေါ်တူဂီတိုက်စစ်မှူးအီဂွါဒိုနှင့် အင်တာဗျူး....

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် စက်တင်ဘာ ၁၈

လူငယ်ဘောလုံးသမား ကြယ်ပွင့်လေးတွေခေါ်ယူနိုင်ဖို့ ကြိုးစားနေတဲ့ မန်ယူအသင်းရဲ့ နည်းပြကြီး ဖာဂူဆန်ဟာ ဝါရင့်ပြီး အတွေ့အကြုံရှိတဲ့ တိုက်စစ်မှူးတွေကို အားဖြည့်ဖို့ ကြိုးစားနေသလို လူငယ်တိုက်စစ်မှူးလေးတွေကို ခေါ်ယူရေးအတွက်လည်း နောက်ထပ်အားထုတ်မှုတစ်ရပ် ပြုလုပ်တော့မှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဖာဂူဆန်သဘောကျပြီး ခေါ်ယူဖို့ စဉ်းစားနေတာကတော့ အီဂွါဒိုအမည်ရှိတဲ့ ပေါ်တူဂီတိုက်စစ်မှူးလေးကိုပဲ ဖြစ်ပါတယ်။ အဲဒီတိုက်စစ်မှူးလေးကို မန်ယူလို ထိပ်တန်းကလပ်ကြီးက ခေါ်ယူဖို့ သတင်းတွေဖြစ်ပေါ်နေချိန်မှာ သတင်းထောက်တွေက အီဂွါဒိုနဲ့တွေ့ဆုံပြီး မေးမြန်းချက်တွေ ပြုလုပ်ခဲ့ပါတယ်။

မန်ယူအသင်းနည်းပြ ဖာဂူဆန်။

သတင်းထောက် ။ ။ **မန်ယူကိုပြောင်းရွှေ့ဖို့ သတင်းတွေထွက်နေတယ်ဆိုတာ ဟုတ်ပါသလား။**

အီဂွါဒို ။ ။ မှန်ပါတယ်။ မန်ယူကလပ်က ကမ်းလှမ်းခဲ့တာပါ။ ကျွန်တော့်ကို မိခင်ကလပ်က အကြောင်းကြားတော့ အံ့သြဝမ်းသာရပါတယ်။

သတင်းထောက် ။ ။ **ဘယ်အရွယ်က ဘောလုံးကစားဖြစ်ခဲ့တာလဲ၊ ဘယ်ကလပ်မှာ စတင်ကစားခဲ့တယ်ဆိုတာလဲ ပြောပြပါဦး။**

အီဂွါဒို ။ ။ အသက် ခုနစ်နှစ်လောက်ကတည်းက ဆိုပါတော့။ အားလပ်ချိန်တွေမှာ ဘောလုံးပဲ ကစားဖြစ်ခဲ့တာပါ။ အသင်းခွဲပြီး ကစားခဲ့တာမျိုးကို ပြောတာဖြစ်ပါတယ်။ ပထမဆုံး စတင် ကစားခဲ့တာကတော့ ပေါ်တို လူငယ်အသင်းမှာပါ။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ပေါ်တူဂီတိုက်စစ်မှူး အီဂွါဒို။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မူဝါဒလမ်းစဉ်(၇)ရပ်ကို တည်ဆဲ အစိုးရက လျှို့ဝှက်စွာ ကြံစည်ချမှတ်ပြီး သိုသိုသိပ်သိပ် လူမသိသူမသိ အကောင်အထည်ဖော်နေခြင်းမဟုတ်။ စတင်ချမှတ်စဉ်ကပင် တိုင်းသိ ပြည်သိ ကမ္ဘာသိ တရားဝင်ကြေညာ၍ ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ပြည်သူအားလုံးက လက်ခံယုံကြည်ကြသည့်နည်းတူ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများ အားလုံးကပါ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ကန်ဆုံးလမ်းကြောင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြပြီးလည်းဖြစ်သည်။

မြတ်ဘုန်းလူ၏ 'အနာဂတ်နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ထုဆစ်ပုံဖော်သွားကြမည်'
ဆောင်းပါး (စာ - ၈၊ ၉)